ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၄၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ကျောင်းသုံးစာအုပ်များ လုံလုံလောက်လောက်အချိန်မီရိုက်နှိပ်နိုင်ရေး စီမံဆောင်ရွက်ရန်မှာကြား

ရန်ကုန် စက်တင်ဘာ ၉

မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် စက်တင်ဘာ ၇ရက် မွန်းလွဲပိုင်းတွင် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း ခေါင်းကြီး သတင်း ဆောင်းပါး အညွှန်း

"မြန်မာအင်ဂျင်နီယာများက မိမိတို့၏ ကိုယ်ပိုင်အတတ်ပညာစွမ်းပကားများကို အစွမ်းကုန်ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ သွားလာဆက်သွယ်မှုပိုမိုလွယ်ကူချောမွေ့လာမည်။" **ခေါင်းကြီး (စာ-၂)**

"မြင့်မြတ်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်ဘဝကို တစ်သက်တာပတ်လုံးခံယူပြီး ထူးချွန်သည့် အရည်အသွေးထက်မြက်သည့် စွမ်းဆောင်ရည်တို့ဖြင့် ပြည်သူ့အကျိုးပြု ကြက်ခြေနီလုပ်ငန်းများကို စွမ်းစွမ်းတမံဖြည့်ဆည်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းအားထုတ်။" **အောင်ကျော်ဆန်း(MRCS)၏ "ရှေးဦးပြုစု လူမှုကရုဏာ အပေါင်းလက္ခဏာ"** ဆောင်းပါး (စာ-၆)

"အသက်ရှည်စွာ အနာမဲ့ရေးအတွက် မျှတတဲ့အာဟာရကိုလဲမဖြစ်၊ ရောဂါဖြစ်ခြင်းအကြောင်းတရားတွေနဲ့လဲ အကျုံးဝင်ဖြစ်ပွားသည့်ရောဂါများအတွက် မိသားစုဝင်ငွေကိုလဲထိခိုက်စေတဲ့ ကွမ်းစားခြင်းအလေ့အထကို ပြည်သူအများ သိရှိနားလည်သဘောပေါက်ပြီး ရှောင်ကြဉ်။" **တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)၏ "သန့်ရှင်းကျန်းမာ ကွမ်းစားရှောင်ကြဉ်ပါ"** ဆောင်းပါး (စာ-၁၀)

နေ့စဉ်ထုတ်သတင်းစာများနေ့ချင်းဖတ်ရှုနိုင်ရေး ကိုယ်ပွားသတင်းစာများထုတ်ဝေနေ

"ပြည်သူများအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများကို ရက်မခြားနေ့ချင်း ဖတ်ရှုနိုင်စေရေးအတွက် မန္တလေးမြို့အပြင် ကလေး၊ မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ မကွေးနှင့် စစ်တွေမြို့တို့၌လည်း ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ်ပြီး သတင်းစာများကို ရိုက်နှိပ်ထုတ်ဝေလျက်ရှိပြီဖြစ်သည်။

ထို့အပြင် တနင်္သာရီတိုင်း မြိတ်မြို့၌လည်း ကိုယ်ပွားသတင်းစာတိုက် မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။"

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

တိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးကြိုးပမ်း မြန်မာအင်ဂျင်နီယာများ၏ ကိုယ်ပိုင်အတတ်ပညာစွမ်းပကားများ ဖော်ထုတ်ပြသ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို နိုင်ငံတစ်ဝန်း လက်ယက်ထိုး အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

ယင်းသို့ တည်ဆောက်ပေးခဲ့ရာတွင် နိုင်ငံတော်၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီးပေါ်၌ တံတားကြီးခုနစ်စင်းကို အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ထိုတံတားကြီးများမှာ ပဲခူးတိုင်းတွင် နဝဒေးတံတား၊ ဧရာဝတီတိုင်းတွင် မအူပင်တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ဧရာဝတီတံတား(ဒေးဒရဲ)၊ ကချင်ပြည်နယ်တွင် ဗလမင်းထင် တံတား၊ မကွေးတိုင်းတွင် အနော်ရထာ တံတားနှင့် ဧရာဝတီတံတား(မကွေး)တို့ ဖြစ်ကြသည်။

ယခုအခါ ဧရာဝတီမြစ်ကူးတံတားကြီးတစ်စင်းဖြစ်သည့် ဧရာဝတီတံတား(ရတနာပုံ)ကို မန္တလေး ဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းနှစ်ခုတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စက်တင်ဘာလ ၇ ရက်နေ့က မန္တလေးတိုင်း မန္တလေးမြို့ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင်-

"မိမိတို့၏ အင်ဂျင်နီယာပညာရှင်များသည် ယခုအခါ တံတားများ တည်ဆောက်ရာ၌ ဒီဇိုင်းပုံစံထုတ်ခြင်း အပါအဝင် တည်ဆောက်ရေးလုပ်ငန်းအဆင့်တိုင်းကို မိမိတို့၏ကိုယ်ပိုင် အတတ်ပညာ စွမ်းပကားများဖြင့် တည်ဆောက်နိုင်နေပြီဖြစ်ကြောင်း၊ တံတားအမျိုးအစားအားလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ တည်ဆောက်သွားနိုင်ရန် မိမိတို့ကြိုးပမ်းအားထုတ် နေကြရမှာဖြစ်ကြောင်း၊ မိမိတို့ရရှိပြီးဖြစ်သော အတတ်ပညာနှင့် အတွေ့အကြုံများကို နောင်လာနောက်သားလူငယ်များအား ဆက်လက်ဖြန့်ဝေပေးနိုင်ကြရမှာ ဖြစ်ကြောင်း"

ပြောကြားသွားသည်။

မြန်မာအင်ဂျင်နီယာများသည် ကိုယ်ပိုင်အတတ်ပညာစွမ်းပကားများဖြင့် ဆည်မြောင်းတာတမံများနှင့် တံတားကြီးများကို ကျွမ်းကျင်ပိုင်နိုင်စွာ တည်ဆောက်နိုင်စွမ်းရှိသည့် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ အင်ဂျင်နီယာအတတ်ပညာများ တတ်မြောက်ထားကြပြီ ဖြစ်သည်။

ထိုကဲ့သို့ တတ်မြောက်ထားသော အတတ်ပညာစွမ်းပကားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတာတမံ ပေါင်း ၁၆၂ ခု၊ ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၁၇၂ စင်းကို အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုထပ်မံ၍ မန္တလေးတိုင်း မန္တလေးမြို့တွင် အရှည်ပေ ၅၆၁၄ ပေရှိမည့် ဧရာဝတီမြစ်ကူး ဧရာဝတီတံတား (ရတနာပုံ)နှင့် မွန်ပြည်နယ်တွင် မြန်မာနိုင်ငံ၌အကြီးဆုံး၊ အရှည်ဆုံးဖြစ်လာမည့် ရထားလမ်းနှင့်ကားလမ်းပါ အရှည်ပေ ၁၁၅၇၅ ပေရှိ သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)တို့ကို ဆက်လက် တည်ဆောက်လျက်ရှိသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကို ဖြတ်သန်းသွားလာရာတွင် မုလက မုတ္တမမှ ကူးတို့ရေယာဉ်ဖြင့်ကူးဖြတ်ကာ မော်လမြိုင်မှတစ်ဆင့် သွားလာရသည့် အခက်အခဲအား ကျော်လွှားနိုင်ရန်အတွက် သံလွင်တံတား(မော်လမြိုင်)ကို တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သက်တမ်း အနှစ် ၇၀ ကြာမြင့်နေပြီဖြစ်သော အင်းဝတံတားကြီးပေါ်မှ ဝန်များသည့် မော်တော်ယာဉ်များ ဖြတ်သန်းရသည့် အဟန့်အတားတို့ကို ကျော်ဖြတ်နိုင်ရန်အတွက် ဧရာဝတီတံတား(ရတနာပုံ)ကို ထပ်မံတည်ဆောက် နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း တံတားကြီးများ လက်ယက်ထိုးတည်ဆောက်ပေး လျက်ရှိရာတွင် မြန်မာအင်ဂျင်နီယာများက မိမိတို့၏ ကိုယ်ပိုင်အတတ်ပညာစွမ်းပကားများကို အစွမ်းကုန် ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူချောမွေ့ လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥပဒေအရာရှိအဆင့်(၄) (အစမ်းခန့်)လုပ်ငန်းခွင်သင်တန်းဖွင့်ပွဲ ရှေ့နေချုပ် ဦးအေးမောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၉

ရှေ့နေချုပ်ရုံး ဥပဒေအရာရှိအဆင့် (၄) (အစမ်းခန့်)များ၏ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်းအမှတ်စဉ် (၁/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၁၀နာရီက ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ညွှန်ကြား ရေးမှူးချုပ် ဦးမြညိမ်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တိုင်းဥပဒေအရာရှိ၊ ရှေ့နေချုပ်ရုံး ရုံးအဖွဲ့မှူး၊ သင်တန်းဆရာများနှင့်သင်တန်း သား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ် (၂၃)၌ သင်တန်းသား စံပြဆုရရှိသော ဦးထိုက်ဇော်ဝင်း၊ စာပေ ထူးချွန် ပထမဆုရရှိသော ဒေါ်အေးမျိုးဝင်း၊ သေနတ်ပစ် ထူးချွန်ဆုရရှိကြသော ဦးမင်းမင်းထက်နှင့် ဒေါ်နန်းအေး အေးမျိုး၊ စစ်ရေးပြ ထူးချွန်ဆုရရှိသော ဒေါ်အယ်လ်မာစိုး တို့အား ရှေ့နေချုပ်က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အဆိုပါ သင်တန်းကာလမှာ ဒီဇင်ဘာ ၂ရက်အထိ ရက်သတ္တ ၁၃ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

လက်ခံရယူ

အမှတ် ၄၉၂ မဟာဗန္ဓုလလမ်း ပန်းဘဲတန်း မြို့နယ်နေ ဦးစောညွှန့်-ဒေါ်တင်အုန်း မိသားစုက ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ကျပ်ရှစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်းများလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်းက လက်ခံရယူစဉ်။ (က-ပ)

မိတ္ထီလာမိုးကုတ် ရိပ်သာတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၉

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မ ရိပ်သာအဖွဲ့ခွဲအမှတ် (၁၂၉)၏ ဒုတိယ ပတ် ဝါတွင်း တရားစခန်းပွဲကို တော်သလင်းလဆန်း ၁ရက်မှ ၇ရက် (စက်တင်ဘာ ၁၄ရက်မှ ၂၀ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရား စခန်းပွဲတွင် ရိပ်သာ ပဓာနနာယက ကျောင်းသစ်ကျောင်း ဆရာတော်၊ မိတ္ထီလာဆရာတော် ဘဒ္ဒန္တ ပညာစာရ (ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာ လေးပါး တရားတော်များ ဟော ကြားမည်ဖြစ်သည်။ လူဦးရေကန့် သတ်ရာ ဖုန်း ၀၆၄-၂၂၁၆၅ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မင်္ဂလာဒုံမြို့နယ် အခြေခံပညာ အလယ်တန်း ကျောင်း အမှတ်(၅)ခန်းမ၌ မူးယစ်ဆေးဝါးတားဆီး ကာကွယ်ရေးပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၄ ရက် က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးတင်ရီ အမှာစကား ပြောကြားစဉ်။ (၃၆၃)

မြဝတီရုပ်မြင်သံကြား

၁၀-၉-၂၀၀၄

(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၅	၆။	မျိုးချစ်တပ်မတော်
၄း၄၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **-သံယုတ္တ နိကာယလာ ကိုယ်ကျင့်တရား** (အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသစာပေ- ဒုတိယနှစ်)
၅း၃၀	၉။	ပညာခေတ်
၅း၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၅။	မြန်မာ့ရှုခင်း
၆း၄၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"** (အပိုင်း-၉)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း-၁၃)

*** ကျောဖုံးမှ**

အဆိုပါစွပ်စွဲချက်များသည် ယုတ္တိလည်းမရှိ၊ အခြေအမြစ်လည်းမရှိသည့်အပြင် အထောက်အထား တင်ပြချက်များသည် လုံးဝမှန်ကန်မှုမရှိ ဖြစ်နေသည်ကို စိစစ်တွေ့ရှိရသည်။ မုဒိမ်းမှုဆိုသည်မှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ အရေးပါသော အမှုကြီးစာရင်းထဲတွင် ပါဝင်သည်ဖြစ်၍ မုဒိမ်းမှုကျူးလွန်သူကို ထိရောက်စွာ အပြစ်ပေး တားဆီးအရေးယူလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မုဒိမ်းမှုကျူးလွန်သူ မည်သူကိုမဆို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆အရ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ဖြစ်စေ၊ ၁၀နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ထိရောက်စွာအရေးယူ

မြန်မာနိုင်ငံအနေဖြင့် မုဒိမ်းပြုကျင့်သူ မည်သူကိုမဆို အဆင့်အတန်း မရွေး ဥပဒေနှင့်အညီ ထိထိရောက်ရောက် အပြစ်ပေးတားဆီးနှိမ်နင်းလျက်ရှိသည်။ မုဒိမ်းပြုကျင့်မှုကို မြန်မာနိုင်ငံတွင် ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ဘာသာရေး အရသော် လည်းကောင်း၊ တည်ဆဲဥပဒေအရသော်လည်းကောင်း လုံးဝခွင့်မလွှတ်သည့် ပြစ်မှုဖြစ်သည်။ အထူးသဖြင့် မြန်မာ့တပ်မတော်၏ တည်ဆဲဥပဒေများနှင့် စစ်စည်းကမ်းများအရလည်း ဤကိစ္စရပ် ကျူးလွန်သူများအား ထိရောက်စွာ အရေးယူလျက်ရှိသည်။

တမင်လုပ်ကြံဖန်တီးရေးသား

ယခင်ကလည်း License to Rape ခေါင်းစဉ်ဖြင့် အလားတူ မမှန်မကန် ရေးသားခဲ့ဖူးကြောင်း တွေ့ခဲ့ရသည်။ ထိုအရေးအသားသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တပ်မတော်နှင့်ပြည်သူ စိတ်ဝမ်းကွဲအောင်၊ တိုင်းရင်းသူ အမျိုးသမီးများနှင့် တပ်မတော်၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ဦးတည်၍ တမင်လုပ်ကြံဖန်တီး ရေးသားခြင်းသာ ဖြစ်ကြောင်း အထင်အရှား တွေ့ရသည်။

မြန်မာနိုင်ငံသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ချီတက်လျက်ရှိရာတွင် လူ့အခွင့်အရေးအသိပညာ၊ အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာအသိပညာရပ်များကို တပ်မတော်သားများနှင့် ပြည်သူများ သိရှိနားလည်အောင်လည်း မပြတ်ပညာပေးလျက်ရှိသည့်ပြင် ရာဇဝတ်မှုများနှင့်ပတ်သက်၍ တိုင်ကြားမှုများ ရှိပါကလည်း အဆင့်မရွေး ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်လျက်လည်းရှိနေသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ကလည်း အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့များဖွဲ့စည်းကာ အမျိုးသမီးများ၏ဘဝလုံခြုံရေးအတွက် အလေးထားဆောင်ရွက်နေကြသည့် အချိန်ကာလ ဖြစ်သဖြင့် ယခုလို မမှန်မကန်စွပ်စွဲချက်များသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် သိက္ခာကျဆင်းအောင် တမင်လုပ်ကြံဖန်တီးချက်တစ်ရပ်သာဖြစ်ကြောင်း သက်ဆိုင်ရာဌာနက သတင်းထုတ်ပြန်ချက်ရရှိသည်။ **(သတင်းစဉ်)**

ဝိဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး မဟာသဒ္ဓနောဒယ ချောင်နှင့် ရတနာဂူရူဝံချောင်တို့၏ ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ တိပိဋကဩဝါဒါစရိယဆရာတော်ကြီး၏ စက်တင်ဘာ ၁၁ရက်တွင် သက်တော် (၈၄)နှစ် ဝိဇာတမင်္ဂလာပွဲကို စည်ကားသိုက်မြိုက်စွာဆင်ယင် ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား ကြည်ညို သဒ္ဓါပွားများကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ဗုဒ္ဓစာပေဆုချီးမြှင့်နိုင်ရေး ကျမ်းစာအုပ်များပေးပို့နိုင်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း မဟာသာသနဝေပုလ္လကျောင်းမှ ဂျပန်နိုင်ငံ သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက ဗုဒ္ဓစာပေဆုများ ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ပြီးဖြစ်ရာ ယင်းဗုဒ္ဓစာပေဆုများကို ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁ရက်မှ ၂၀၀၄ခုနှစ် အောက်တိုဘာ ၃၀ရက်အထိ ထုတ်ဝေပြီးသော ဗုဒ္ဓဘာသာ ကျမ်းစာများမှ ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဆိုင်ရာကျမ်းစာအုပ်များကို တစ်မျိုးလျှင်နှစ်အုပ်ကျစီ ပဓာနနာယကဆရာတော် ဦးဓမ္မတိဏ္ဏ မဟာသာသနဝေပုလ္လကျောင်း မြို့မရပ်ကွက် ကြားတောရလမ်း ဗဟန်းမြို့နယ် ဖုန်း-၃၈၀၈၆၃သို့ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ဆန်းမိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၉

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၇၇)တွင် စက်တင်ဘာ ၂ရက်မှ ၁၁ရက်အထိ မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းကို ဖွင့်လှစ်ရာ ယောဂီ ၅၃၃ယောက် တရားဝင်တရားအားထုတ်ကြပြီး ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်သင်တန်းနှင့် သစ္စာတရားတော်များ ဟောကြားလျက်ရှိကြောင်းသိရသည်။

(က-ပ)

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ဆို၊က၊တီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၉

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၇ နာရီခွဲက မန္တလေးမြို့ အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ တွင်ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ယဉ်ကျေးမှု တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်ဦးစန်းဝင်း၊ အနုပညာဦးစီးဌာနမှ ဦးအောင်မြင့်သန်းနှင့် အကဲဖြတ် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ အနုပညာဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်များတက်ရောက်ကြသည်။

ဆုချီးမြှင့်

အစီအစဉ်အရ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ညိုဝင်းက အမှာစကားပြောကြား၍ အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ် နှင့် မျက်လှည့်ပြိုင်ပွဲတို့တွင် ပြိုင်ပွဲ အမျိုးအစား အဖွဲ့လိုက်နှင့် တစ်ဦး ချင်းဆုရရှိကြသူများအား ဗိုလ်မှူးကြီး ညိုဝင်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ နာယက ဒုတိယတပ်မတော်ထောက်လှမ်း ရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်း လုပ်ငန်းများလုံခြုံရေး၊ ခရီးသွား လုပ်ငန်းများ အဆင်ပြေချောမွေ့ စေရေးနှင့် စပ်လျဉ်းသည့် အစည်း အဝေးတွင် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းပြည်ပလေကြောင်းလိုင်းများနှင့်ညှိနှိုင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းလုပ်ငန်းများ လုံခြုံရေး၊ ခရီးသွားလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် နေမျိုးဗလအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ နာယက ဒုတိယတပ်မတော် ထောက်လှမ်း ရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဌေးအောင်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးဝင်းထွန်းဦး(လေ)၊ ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများမှ ကိုယ်စားလှယ်များနှင့် လေဆိပ်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမြန်ဆုံးတင်ပြမည်

ရှေးဦးစွာ ကော်မတီနာယက ဗိုလ်ချုပ်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ လေဆိပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနေမှုကို ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ခဲ့သဖြင့် တိုးတက်မှုရှိခဲ့ကြောင်း၊ သို့ရာတွင် ကျန်ရှိနေသည့် လိုအပ်ချက်များကို လေကြောင်းလိုင်းများနှင့် ဌာနဆိုင်ရာများမှ တင်ပြနိုင်ရန်အတွက် လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည်များ တိုးတက်များပြားစွာ ဝင်ရောက်လာသည့်အခါ သွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာလေဆိပ်အသီးသီး၏ လိုအပ်ချက်များကို တင်ပြနိုင်ရန်အတွက် လည်းကောင်း ယခုအစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ လိုအပ်ချက်များ တင်ပြလာမှုအပေါ် ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အကြီးအကဲများထံ တင်ပြဆောင်ရွက်ရန် လိုအပ်သည်များကို အမြန်ဆုံး ဆက်လက်တင်ပြဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ယခုနှစ်တွင် ယခင်နှစ်ကထက် ကမ္ဘာလှည့်ခရီးသည်များ တိုးတက်ဝင်ရောက်လျက်ရှိကြောင်း၊ လေဆိပ်များတွင် ခရီးသည်များနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဆောင်ရွက်မှုသည် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုတိုးတက်ဝင်ရောက်လာရေးနှင့် အတိုင်းအတာတစ်ခုအထိ သက်ဆိုင်မှုရှိနေကြောင်း၊ ကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးဝင်းထွန်းဦး(လေ)က လေဆိပ်လုပ်ငန်းများ ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် အခြေအနေများအား ရှင်းလင်းတင်ပြပြီး လေဆိပ်တာဝန်ရှိသူများ၊ လေကြောင်းလိုင်းကိုယ်စားလှယ်များကလည်း လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီနာယက ဗိုလ်ချုပ်ကျော်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး ညနေ ၃နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများမှအနောက်တောင်မုတ်သုံလေဆုတ်ခွာ

ရန်ကုန် စက်တင်ဘာ ၉

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှဆုတ်ခွာခဲ့ပြီးဖြစ်သည်။ မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်း၌ နေရာကွက်ကျား၊ ကယားပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိသည်။ စက်တင်ဘာ ၁၀ရက်ညနေအထိ ခန့်မှန်းချက်မှာ မန္တလေးတိုင်း နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌နေရာ ကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ဘဂ္ဂဒက်မြို့လယ်၌ အီတလီအမျိုးသမီးနှစ်ဦး ပြန်ပေးဆွဲခံရ အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာနေ

ဘဂ္ဂဒက် စက်တင်ဘာ ၉

အီရတ်နိုင်ငံတွင် အနောက်နိုင်ငံသားများကိုလည်း ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိရာ ဘဂ္ဂဒက်မြို့လယ်၌ အီတလီအမျိုးသမီးထောက်ပံ့ရေးဝန်ထမ်းနှစ်ဦးကို သေနတ်သမားများက ယမန်နေ့က ပြန်ပေးဆွဲခဲ့ကြောင်းသိရှိရသည်။ အသက်၂၉နှစ်အရွယ်ရှိ ၎င်းအမျိုးသမီးနှစ်ဦးမှာ ယူနီဆက်နှင့် ဆက်နွယ်နေသော စီမံကိန်းတစ်ခုမှ ဝန်ထမ်းများဖြစ်ကြောင်း သိရှိရသည်။ ဤအတောအတွင်း ဘဂ္ဂဒက်မြို့အနောက်ဘက်အဝေးပြေးလမ်းမပေါ်၌လည်း အမေရိကန်စစ်ဘက် ထရပ်ကားတစ်စီး ပြီးခဲ့သည့်တနင်္လာနေ့က တိုက်ခိုက်ခံခဲ့ရပြီး မီးလောင်ပျက်စီးခဲ့သည်။

ဖော်လူဂျာမြို့ မြောက်ဘက်၌လည်း လက်နက်ကိုင်များ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့သည်။ ၎င်းမြို့ကို အမေရိကန် တပ်ဖွဲ့ဝင်များမသွားရသော နယ်မြေအဖြစ်ပြီးခဲ့သည့် ဧပြီလကတည်းက သတ်မှတ်ထားခဲ့ရာ အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေများမှာ ပိုမို ဆိုးရွားလာလျက်ရှိသည်။

ပြင်းထန်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး၌ ယခုအခါ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်တို့အကြား တိုက်ခိုက်မှုများ ပိုမိုတိုးမြင့်ပြင်းထန်လာလျက်ရှိပြီး ယမန်နေ့က တိုက်ခိုက်မှုများတွင် အီရတ်လူမျိုး၃၄ဦးသေဆုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များမှာ အခြားတိုက်ခိုက်မှုများ၌လည်း အသက်ဆုံးရှုံးမှုများရှိနေပြီး အီရတ်နိုင်ငံအတွင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ယခုအချိန်မှာ ၁၀၀၀ကျော်ထိရှိသွားပြီဖြစ်သည်။

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဒုံးပစ်လောင်ချာအပါအဝင် လက်နက်မျိုးစုံဖြင့် အီရတ်လက်နက်ကိုင်များ၏ တိုက်ခိုက်ခြင်းကို ပိုမိုကြုံတွေ့ရလျက်ရှိသည်။ ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ဆာဒါစီးတီး၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့်လက်နက်ကိုင်များ တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး အီရတ်အရပ်သားအများအပြားသေဆုံးကာ ၂၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း၊ အမေရိကန်တို့ဘက်မှလည်း ဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရှိရသည်။

တိုက်ခိုက်ခံရ

အမေရိကန်၊ အီရတ်အာဏာပိုင်များနှင့် ဒေသဆိုင်ရာ ခေါင်းဆောင်များ ငြိမ်းချမ်းမှုရယူခြင်းသည် ပျက်ပြားခဲ့ပြီး ဆာဒါစီးတီးသည် အယ်ဆာဒါကို ထောက်ခံသူများ၏ အခြေစိုက်နေရာတစ်ခုဖြစ်သည်။ ဘဂ္ဂဒက်မြို့၌ ယခုအခါ လုံခြုံမှုမရှိဘဲ ဆာဒါစီးတီးမှ ထွက်ခွာလာသော ဘဂ္ဂဒက်အုပ်ချုပ်ရေးမှူးလိုက်ပါလာသည့် မော်တော်ယာဉ် ယမန်နေ့ နံနက်ပိုင်းက တိုက်ခိုက်ခြင်းခံခဲ့ရသည်။

(စီအင်န်အင်န်)



ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အီရတ်တို့၏ မော်တော်ယာဉ်တစ်စီး ပျက်စီးသွားသည်ကို စက်တင်ဘာ ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် သမ္မတရွေးကောက်ပွဲ၌ ဗြိတိသျှအများစု ကယ်ရီနိုင်စေလို

လန်ဒန် စက်တင်ဘာ ၈

နိုဝင်ဘာလ၌ ကျင်းပမည့် အမေရိကန်သမ္မတရွေးပွဲတွင် သမ္မတဂျော့ဒဗလျူဘုရှ်အား ဒီမိုကရက်တစ် သမ္မတလောင်း ဂျွန်ကယ်ရီ ထိုးနှက်အနိုင်ယူသည်ကို ဗြိတိသျှအများစုက လိုလားကြကြောင်း ဗုဒ္ဓဟူးနေ့ သတင်းစာတွင် ဖော်ပြထားသော လူထုသဘောထား စစ်တမ်းအရ သိရသည်။

ပေါ်ပြူလပ်စ်က ပြုလုပ်သော သဘောထားလေ့လာချက်၌ ကယ်ရီကို ထောက်ခံသော ဗြိတိန်နိုင်ငံသား ၅၂ ရာခိုင်နှုန်းရှိပြီး ဘုရှ်ကို ထောက်ခံသူ ၂၉ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။

ပေါ်ပြူလပ်စ်က ယခုပြုလုပ်သည့် သဘောထားစစ်တမ်းက ဗြိတိန်၌ အမေရိကန်နိုင်ငံ၏ ခေါင်းဆောင်ကို မကြိုက်နှစ်သက်ကြောင်းအခိုင်အမာ ဖြစ်စေခဲ့သည်။ ဗြိတိန်နိုင်ငံတွင် အသက်အရွယ် ကြီးငယ်မဟူနှင့် လူမှုရေး၊ နိုင်ငံရေးအုပ်စုများအားလုံးက ကယ်ရီကို ထောက်ခံလိုလားသည်မှာ အတိအကျဖြစ်ကြောင်း တိုင်းမ်သတင်းစာက ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ

စက်တင်ဘာ ၈ ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၅ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။

စက်တင်ဘာ ၈ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၀၅ဦးဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက်၇၅၉ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၆ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည် ဟုဆိုသည်။ သမ္မတ ဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင်စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၆၇ ဖြစ်ပြီး ယင်းအနက် ၆၅၀မှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၇ ဦးမှာ အခြားအကြောင်းများကြောင့်သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

အီရတ်သတင်းအကျဉ်း

- ☆ **စက်တင်ဘာ ၈ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၅ ဦး ရှိပြီ။**
- ☆ **ဘဂ္ဂဒက်၌ အမေရိကန်တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရ။**
- ☆ **အီရတ်၌ ဓာတုသို့မဟုတ် ဇီဝလက်နက်များရှိသည့် အထောက်အထား ကုလသမဂ္ဂလက်နက်စစ်ဆေးသူများ မရခဲ့ကြောင်း အစီရင်ခံ။**
- ☆ **ဘဂ္ဂဒက်မြို့၌ အီတလီအမျိုးသမီး နှစ်ဦး ပြန်ပေးဆွဲခံရ၊ အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာနေ။**
- ☆ **ပြင်သစ်ဓားစာခံနှစ်ဦး လွတ်မြောက်ရေး ပြင်သစ်အဖွဲ့ အီရတ်၌ ဆွေးနွေးလျက်ရှိ။**

မီးခိုးလုံးများတက်

ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်ပြီးနောက် မီးခိုးလုံးများတက်နေသည်ကို စက်တင်ဘာ ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၇ ခုနှစ်၌ အာဆီယံဈေးကွက်ပေါင်းစည်းမှုတွင် အင်ဒိုနီးရှားခရီးသွားလုပ်ငန်းကဏ္ဍ အရှိန်ရရှိရန်အသင့်ရှိ

ဂျကာတာ စက်တင်ဘာ ၈

အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းသည် ၂၀၀၇ ခုနှစ်၌ အာဆီယံဈေးကွက်ပေါင်းစည်းမှု အရှိန်ရစေရန်အတွက် အသင့်ရှိနေသော ကဏ္ဍတစ်ခုဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အာဆီယံဝင် အချို့နိုင်ငံများက ၎င်းတို့၏ အခြေခံအဆောက်အအုံများကို ပြင်ဆင်ခြင်းဖြင့် ယှဉ်ပြိုင်ရန် ကြိုးပမ်းကြသော်လည်း အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံအတွင်း၌ ခရီးသွားလုပ်ငန်းတွင် အတိုးတက်ဆုံးဖြစ်ရန် စဉ်းစားထားကြောင်း အင်ဒိုနီးရှားကုန်သည်ကြီးများအသင်းနှင့် စက်မှုလုပ်ငန်း ဒုတိယဥက္ကဋ္ဌခရစ်ကန်တာက ဂျကာတာ၌ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ခရီးသွားလုပ်ငန်းတွင်အခြားနိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်သော်လည်း ယင်း၏ ခရီးသွားလုပ်ငန်း၏ အသွင်အပြင်အချို့သည်ယခုထိတိုးတက်မှုမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခရီးသွားလုပ်ငန်းအပြင် ဈေးကွက်ပေါင်းစည်းမှု အရှိန်ရရေးအတွက်စံနမူနာများဖြစ်လာမည့် အခြားလုပ်ငန်း ၁၀ခုမှာ ကားသစ်ထုတ်ကုန်ပစ္စည်း၊ စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်း၊ ငါးထွက်ပစ္စည်း၊ရော်ဘာအထည်အလိပ်၊ အီလက်ထရွန်နစ်၊ လေကြောင်း၊အီးကွမ်မတ်စ်နှင့် ကျန်းမာရေး ပစ္စည်းကိရိယာ များဖြစ်ကြသည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ ကန်တပ်ဖွဲ့ဝင်များအား ခုခံရေးသမားတို့ တိုက်ခိုက်
ကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၈

ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ရေးပြောက်ကျားများက အင်္ဂါနေ့တွင် သီးခြားနေရာများ၌ တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး၌ ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

သေဆုံး

ဘဂ္ဂဒက်မြို့ အနောက်ပိုင်း၌ ပြောက်ကျားများက သီးခြားတိုက်ခိုက်ရာတွင် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသည်ဟု ဆိုသည်။ ဘဂ္ဂဒက်ဒေသအတွင်း အခြားအမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်းလည်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ မြင့်တက်ခဲ့ရာတွင် သောကြာနေ့ကစပြီး ပြောက်ကျားတို့တိုက်ခိုက်မှုနှင့် တိုက်ပွဲဖြစ်ပွားမှုအတွင်းသေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဒါဇင်ကျော်ပါဝင်ခဲ့သည်။ အီရတ်ကိုကျူးကျော်ခဲ့ချိန်မှစပြီး ဒဏ်ရာရခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၀၀၀နီးပါးမျှ ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘာကူဘာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးအား စစ်ဆေးကြည့်ရှုနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုက်ခိုက်ရန်ပြင်ဆင်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့အား တိုက်ခိုက်ရန်ပြင်ဆင်နေသော အီရတ်ပြောက်ကျားတစ်ဦးကို စက်တင်ဘာ ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်သတင်းထောက် ပြန်လွှတ်ရေး အီရတ်အဖွဲ့အစည်းတစ်ခုနှင့် ဆွေးနွေး

ဘဂ္ဂဒက် စက်တင်ဘာ ၈

ပြင်သစ်သတင်းထောက် ဓားစာခံနှစ်ဦး လွတ်မြောက်ရေးအတွက် တွန်းအားပေးရန် ပြင်သစ်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အီရတ်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးပြောကြားလျက်ရှိသည်။

ပြင်သစ်သတင်းထောက်နှစ်ဦးအတွက် ဆက်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ငါးသန်းကို ၄၈နာရီအတွင်း ပေးရမည်ဟု ပြန်ပေးသမားများက တနင်္လာနေ့၌ အင်တာနက်မှတစ်ဆင့် တောင်းဆိုချက် သစ်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာန အထူးသံတမန်သည် အီရတ်အဖွဲ့အစည်းတစ်ခုနှင့် ဆက်လက်ဆွေးနွေးလျက်ရှိကြောင်းလည်း အီရတ်နိုင်ငံဆိုင်ရာ ပြင်သစ်သံတမန်က ပြောကြားခဲ့သည်။ အိုစမာဘင်လာဒင်နှင့် အပစ်အခတ်ရပ်စဲရန်နှင့် အီရတ်နိုင်ငံတွင် စစ်ရေး၊ စီးပွားရေး ဆောင်ရွက်မှုများ မပြုလုပ်ရန်အတွက်ပါ ပြန်ပေးသမားများက တောင်းဆိုခဲ့သည်။**(စီစီတီဗွီ)**

ဓာတု/ဇီဝလက်နက်သယ်ဆောင်နိုင်သည့်ဒုံးပျံများ အီရတ်၌ရှိသည်ဆိုသောအထောက်အထားမတွေ့ရ

ကုလသမဂ္ဂ စက်တင်ဘာ ၈

အီရတ်နိုင်ငံ၌ ဓာတုဗေဒ သို့မဟုတ် ဇီဝဗေဒလက်နက်များ သယ်ဆောင်နိုင်စွမ်းရှိသော ဒုံးပျံများရှိသည့် အထောက်အထား မိမိတို့မရရှိခဲ့ကြောင်း ကုလသမဂ္ဂစစ်ဆေးသူများက ပြောကြားကြောင်း အင်္ဂါနေ့က ရရှိသော အီရတ်လက်နက်ဆိုင်ရာ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထိုဒုံးပျံများ အီရတ်၌ရှိသည်ဆိုသော အကြောင်းပြချက်ကို အသုံးပြုလျက် အမေရိကန်ပြည်ထောင်စုသည် အီရတ်ကိုဆင်နွှဲသည့် စစ်ပွဲအား တရားမျှတမှုဖြစ်အောင် လုပ်ခဲ့သည်။

ပြောကြား

အီရတ်၏ ပိတ်ပင်ထားသော လက်နက်များနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းမှုကို ယခုဦးဆောင်နေသော ချားလ်စ်ဂျူလ်ဖာက ဒုံးပျံတစ်ခုသည် ကုလသမဂ္ဂက သတ်မှတ်ထားသော ၉၇ မိုင်ကို ကျော်လွန်ရောက်ရှိနိုင်ကြောင်း၊ ကီလိုမီတာ ၅၀၀ သို့မဟုတ် ၃၁၂ မိုင် ဖြစ်ကောင်းဖြစ်နိုင်ကြောင်း ဧပြီလတွင် ကွန်ဂရက်လွှတ်တော်၌ ပြောကြားခဲ့သည်။

ဖော်ပြ

ဗုဒ္ဓဟူးနေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးမည့် ယင်းအစီရင်ခံစာ၌ အီရတ်တွင် ဓာတုဗေဒ သို့မဟုတ် ဇီဝဗေဒပိုးမွှားလက်နက်များကို သယ်ဆောင်နိုင်သော အဝေးမှထိန်းချုပ်မောင်းနှင်နိုင်ပြီး လူလိုက်ပါခြင်း မရှိသော လေကြောင်းပျံသန်းရေးယာဉ်များ (အာပီဗွီ/ယူအေဗွီ) များရှိသည့် အထောက်အထား မရှိကြောင်း ဖော်ပြခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ် အောင်မြင်ကြောင်း ဖိလစ်ပိုင်သမ္မတ ပြောကြား

မနီလာ စက်တင်ဘာ ၈

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကါပါဂါလ်အာရိုယိုက တရုတ်နိုင်ငံသို့ မိမိသွားရောက်သည့် ခရီးစဉ်သည် အထူးအောင်မြင်ကြောင်း၊ တောင်တရုတ်ပင်လယ်၊ စစ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုတို့နှင့်ဆိုင်သော သဘောတူညီချက်များတွင် တိုးတက်အောင်မြင်မှုအချို့ရရှိခဲ့ကြောင်း ပြောကြားသည်။

အလွန်ကောင်း

စက်တင်ဘာ ၁ရက်မှ ၃ရက်ထိ တရုတ်နိုင်ငံသို့ မိမိသွားရောက်လည်ပတ်ရသည့်ခရီးကို ပျော်ရွှင်ပါကြောင်း၊ အလွန့်အလွန်ကောင်းမွန်သော ခရီးဖြစ်ပါကြောင်း မနီလာအိုဗာဆီးကလပ် ပြည်တွင်းသတင်းစာအဖွဲ့က စီစဉ်ကျင်းပသည့် ဖိုရမ်၌ မိန့်ခွန်းပြောကြားရာတွင် အာရိုယိုက ပြောကြားသည်။

တရုတ်နိုင်ငံအစိုးရနှင့် ချုပ်ဆိုခဲ့သော သဘောတူစာချုပ် ငါးခုအပြင် စီးပွားရေးလုပ်ငန်း သဘောတူစာချုပ်များသည် နှစ်နိုင်ငံဆက်ဆံရေးကို ရှေ့သို့လှမ်းရန် ကြီးမားသော ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း အာရိုယိုက ပြောကြားသည်။ ထို့ပြင် နှစ်နိုင်ငံအစိုးရများသည် ဗီဇာထုတ်ပေးသည့် လုပ်ငန်းစဉ်အဆင်ပြေချောမွေ့စေရန်လည်း သဘောတူကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဖိလစ်ပိုင်နိုင်ငံက တရုတ်နိုင်ငံအား ဖိလစ်ပိုင်နိုင်ငံ၏ နံပါတ်တစ်ခရီးသွားဧည့်သည်ဖြစ်စေလို၍ဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဆီယံနှင့် အိန္ဒိယတို့ ရှေ့နှစ်၌ လွတ်လပ်သည့်ကုန်သွယ်ရေးဒေသ အကောင်အထည်ဖော်မည်

ဂျကာတာ စက်တင်ဘာ ၈

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင်နိုင်ငံများသည် စီစဉ်ထားသော လွတ်လပ်သည့်ကုန်သွယ်ရေးဒေသ (အက်ဖ်တီအေ)ကို စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော အိန္ဒိယနှင့် ရှေ့နှစ်တွင် စတင်အကောင်အထည်ဖော်ရန် သဘောတူကြကြောင်း တနင်္လာနေ့တွင် ဂျကာတာပို့စ် သတင်းစာ၌ ဖော်ပြထားသည်။

အစီအစဉ်အရ ထုတ်ကုန်ပစ္စည်း ၁၀၅ခုအပေါ် အခွန်နှုန်းထားကို ဖြည်းဖြည်းချင်း လျှော့ချသွားမည်ဖြစ်ကြောင်း ဂျကာတာပို့စ်က ရေးသားသည်။ ထိုသို့လျှော့ချရာ၌ ၂၀၀၇ခုနှစ်တွင် အခွန်နှုန်းထား သုညရှိသော စောစီးစွာ အကျိုးဖြစ်ထွန်းမှုအစီအစဉ် (အီးအိပ်ချ်ပီ)အရ လျှော့ချမည်ဖြစ်သည်။ ထုတ်ကုန်များတွင် လယ်ယာထွက်ကုန်များ၊ ဓာတုဗေဒနှင့် စက်ရုံထွက်ပစ္စည်းများ ပါဝင်သည်ဟု ဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗီယက်နမ်နိုင်ငံ ပြည်နယ် ၆၄ ခုသို့ တရုတ်ခရီးသွားများ လာရောက်လည်ပတ်ခွင့်ပြု

ဟန္တိုင်း စက်တင်ဘာ ၈

ဗီယက်နမ်နိုင်ငံသည် တရုတ်ခရီးသွားဧည့်သည်များ ဗီယက်နမ်နိုင်ငံ တစ်ဝန်းလုံးသို့ လွယ်လင့်တကူသွားလာနိုင်ရန် စီစဉ်ထားကြောင်း၊ ဗီယက်နမ်မြောက်ပိုင်း ဇရိယာခုနစ်ခုတွင် ခရီးသွားများအား တင်းကျပ်မှုများ အဆုံးသတ်သွားပြီဖြစ်ကြောင်း နိုင်ငံပိုင်ဗီဒီယာက တနင်္လာနေ့က ပြောကြားသည်။

ခွင့်ပြု

လာမည့်အပတ်မှစပြီး နယ်စပ်ဝင်ပေါက်များသို့မဟုတ် ရေကြောင်းနှင့် လေကြောင်းတို့မှ ရောက်ရှိလာသော တရုတ်ခရီးသွား ဧည့်သည်များအား ဗီယက်နမ်နိုင်ငံ ပြည်နယ် ၆၄ ခုတွင် သွားလာလည်ပတ်ခွင့်ပြုမည်ဖြစ်ကြောင်း လူငယ်သတင်းစာက ဖော်ပြသည်။ ဗီယက်နမ်သည် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် နိုင်ငံများမှ ခရီးသွားများအား တင်းကျပ်မှုများကို လျှော့ချထားသည်။

လျှော့ပေါ့

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံအချို့နှင့် ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားများအတွက် ဗီဇာလျှော့ပေါ့ပေးထားသည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ ခရီးသွားများအများအပြားလာရောက်သည့် အကြီးမားဆုံးဒေသတစ်ခုဖြစ်သည်။

ဟန္တိုင်းနှင့် ပေကျင်းသည် မကြာသေးသည့်နှစ်များက စီးပွားရေးနှင့် နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ခဲ့သည်။ ဗီယက်နမ်ခရီးသွားလုပ်ငန်းက ပြောကြားရာတွင် ယခု နှစ်ပထမရှစ်လတွင် တရုတ်ခရီးသွားဧည့်သည် ၅၁၉၈၀၈ဦးလာရောက်ခဲ့ကာ ယခင်နှစ် အလားတူကာလကထက် ၃၉ ရာခိုင်နှုန်းတိုးလာသည်။ **အမ်အင်အေ၊ရိုက်တာ**

ရှေးဦးပြုစု လူ့မှုကရုဏာ အပေါင်းလက္ခဏာ

အောင်ကျော်ဆန်း (MRCS)

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၁၁ရက်နေ့သည် **ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့** ဖြစ်သည်။ ထိုနေ့တွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကို ကမ္ဘာအနှံ့ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြပေလိမ့်မည်။ အလားတူစွာ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကို ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အသီးသီးတွင် ကျင်းပရန် ပြင်ဆင်လျက်ရှိပေသည်။

'ရှေးဦးပြုစုခြင်း' ဆိုသည်မှာ "အကြောင်းတစ်မျိုးမျိုးကြောင့် ထိခိုက်အနာတရဖြစ်ပွားပါက စနစ်တကျ ဆေးကုသမှုမပြုနိုင်သေးသည့် အရေးပေါ်အခြေအနေတွင်လည်းကောင်း၊ ဘေးဒုက္ခအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေတွင်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရမှုမှ သက်သာစေရန်နှင့် အသက်ကယ်တင်ရန် ရှေးဦးစွာ ထိတွေ့အကူအညီပေးခြင်း"ပင် ဖြစ်သည်။

ရှေးဦးပြုစုခြင်း အတတ်ပညာသည် ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံလူမှုကရုဏာလုပ်ငန်းကြီးအဖြစ် ကြက်ခြေနီလှုပ်ရှားမှုနှင့်အတူ စတင်ပေါက်ဖွားလာခဲ့သည်။ ဤအတတ်ပညာဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဘေးဒုက္ခ အန္တရာယ်ကျရောက်သူများကို ပြုစုစောင့်ရှောက်ရန် ကြက်ခြေနီစေတနာလုပ်အားရှင်တို့က အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်ကို ဂုဏ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ သို့အတွက် ရှေးဦးပြုစုခြင်း အတတ်ပညာကို အလေးအနက်ထားခြင်း၊ ဂုဏ်ပြုခြင်းတို့ကို ဖော်ညွှန်းရန် ရည်ရွယ်လျက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို နှစ်စဉ် စက်တင်ဘာလ ဒုတိယအပတ် စနေနေ့ ဒေသစံတော်ချိန် ၁၁နာရီတွင် ကမ္ဘာတစ်ဝန်းလုံး၌ ကျင်းပရန် သတ်မှတ်ခဲ့ပါသည်။ ယခုအခမ်းအနားသည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်၍ ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသားကြက်ခြေနီအသင်းများနည်းတူ နိုင်ငံအနှံ့ဆင်နွှဲကြမည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာ ဖြစ်သည်။ ထိုမွန်မြတ်သော လူမှုကရုဏာ လုပ်ငန်းတစ်ရပ်ဖြစ်သည့် "ရှေးဦးပြုစုခြင်းသည်" မည်သို့ ပေါ်ပေါက်ခဲ့ရပါသနည်း။

လူ့သမိုင်းဖြစ်စဉ်တွင် လူသားတို့သည် မိမိတို့ဘဝ ရှင်သန်မှုအတွက် ကြင်နာမှုနှင့် စာနာမှုတို့ကို အရင်းခံကာ စည်းလုံးညီညွတ်၍ အေးချမ်းသော လူ့ဘောင်အဖွဲ့အစည်းကို ထူထောင်ခဲ့ကြသည်။ နောင်အခါတွင် လောဘတရားကြောင့် ရန်သူ၊ မိတ်ဆွေ ခွဲခြားဆက်ဆံကာ ပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွားလာခဲ့ကြသည်။ ထိုအခါ ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ ကြင်နာမှုနှင့်စာနာမှုကို အရင်းခံသော လူမှုကရုဏာလုပ်ငန်းဆိုင်ရာအဖွဲ့(Humanitarian Organization) တစ်ခုသည် ဟင်နရီဒူးနန့်၏ ကြိုးပမ်းမှုကြောင့် ကြက်ခြေနီသင်္ကေတနှင့်အတူ ပေါ်ထွန်းခဲ့သည်။ ထိုသို့ လူသားချင်းစာနာမှု(Humanity)ကို အရင်းခံကာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုကြီးကို ဖော်ဆောင်ခဲ့ရာ ၂၀၀၄ ခုနှစ်တွင် ၁၈၁နိုင်ငံ ပါဝင်လှုပ်ရှားသည့် အဖွဲ့အစည်းအဖြစ်ရပ်တည်လျက်ရှိလာသည်။

ယင်းအဖွဲ့ကြီးသည် ကမ္ဘာနှင့်အဝန်း လွှမ်းခြုံကာ တည်ရှိနေပြီး လွန်ခဲ့သောနှစ်က စေတနာလုပ်အားရှင် ၁၀သန်းသုံးသောင်းကျော်ဖြင့် လူမှုဒုက္ခတွေ့ကြုံနေရသူပေါင်း ၂၁၆သန်းကျော်ကို ဘေးဒုက္ခအန္တရာယ်အပေါင်းမှ ကာကွယ်စောင့်ရှောက်ခဲ့လေသည်။

၁၉၂၀ပြည့်နှစ်က စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ရည်ရွယ်ချက်မှာ **"ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်"** ဖြစ်သည်။ ဤမွန်မြတ်သော လူမှုကရုဏာ ရည်မှန်းချက်များကို ဖော်ဆောင်ရန် လုပ်ငန်းစဉ်သုံးရပ်ချမှတ်ထားသည်။ ယင်းတို့မှာ ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီရန်တို့ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် **"ဘေးအန္တရာယ်ကျရောက်လွယ်သူများ၏ ဘဝအခြေအနေကို လူသားချင်းစာနာမှု စွမ်းအားအရင်းခံ၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပါအံ့"**ဟူသော ကြက်ခြေနီမဟာဗျူဟာ ၂၀၁၀ ကို အခြေခံသကဲ့သို့ **"မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘေးအန္တရာယ်ကျရောက်လွယ်သူများနှင့် ဘေးအန္တရာယ်ကျရောက်နေသူများအတွက် အများပြည်သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်သော လူမှုကရုဏာလုပ်ငန်းများ လုပ်ဆောင်သည့် ထိပ်တန်းအဖွဲ့အစည်း ဖြစ်လာစေရန်"**ဟူသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ မျှော်မှန်းချက်ကိုလည်း အစဉ်အလေးထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် **"နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွင်း၌လည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း ကျန်းမာရေးမြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သကဲ့သို့ ဘေးဒုက္ခကျရောက်နေသူများကိုလည်း ၎င်းတို့၏ ပုံမှန်ဘဝရောက်ရှိစေရန် ကူညီဆောင်ရွက်မည်"** ဟူသည့် လုပ်ငန်းစဉ်ကိုလည်း အစဉ်ဖော်ညွှန်းခဲ့ပေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းစဉ်များစွာအနက်မှ ရှေးဦးပြုစုခြင်းအတတ်ပညာသည် **"လူထုအား အကူအညီပေးခြင်းနှင့် လူထု၏ ကျန်းမာရေးကို အလေးထားမြှင့်တင်ပေးခြင်း"**ဖြစ်သည်။ ယင်း အတတ်ပညာဖြင့် ထိခိုက်အနာတရဖြစ်မှုနှင့် ရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးခြင်း၊ ကျန်းမာစွာနေထိုင်မှုဘဝကို မြှင့်တင်ပေးခြင်းနှင့် ပြည်သူများ ကျယ်ပြန့်စွာ ပါဝင်ခြင်းကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့သည် ပြည်သူတို့၏စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ ယခင်က သမားရိုးကျ ထိခိုက်အနာတရဖြစ်သည့်အခါမှသာ ပြုစုပေးရန် ရည်ရွယ် ခဲ့ရာမှ ယခုခေတ်ကာလတွင် လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စများ ကျယ်ပြန့်စွာ ပါဝင်လာခဲ့သဖြင့် ရှေးဦးပြုစုခြင်း အတတ်ပညာသည် ကာကွယ်မှုကို အလေးထားပြီး လိုအပ်ပါကပြုစုစောင့်ရှောက်မှုကို အချိန်မီ ဆောင်ရွက်ခြင်းဖြင့် လွန်စွာ လေးနက်ကျယ်ဝန်းသော အဓိပ္ပာယ်နှင့် အနှစ်သာရကို ဆောင်လာခဲ့ပေသည်။

ယခုကျရောက်တော့မည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (World First Aid Day)အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသီးသီး၌ ရှေးဦးပြုစုခြင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ လှုပ်ရှားမှုနှင့် ပြပွဲပြိုင်ပွဲများပြုလုပ်ခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်နှင့် ရာသက်ပန်အသင်းသားများ တိုးပွားရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ ရန်ပုံငွေရှာဖွေခြင်း၊ ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆုပေးပွဲများကျင်းပခြင်း၊ ရှေးဦးပြုစုခြင်း နည်းပညာကို ပြည်သူနှင့်အဖွဲ့အစည်းများအတွင်း ပြန့်ပွားစေရေးနှင့် ကူညီကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် လှုပ်ရှားမှုများ ဖော်ဆောင်ကြပေမည်။

စေတနာလုပ်အားရှင် ကြက်ခြေနီအသင်းဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ကြက်ခြေနီအခြေခံမူများ၊ တိုးတက်ပြောင်းလဲလာသော ကြက်ခြေနီ သဘောတရားများနှင့်အညီ မိမိတို့ တတ်သိထားသော ရှေးဦးပြုစုခြင်း အတတ်ပညာဖြင့် ပြည်သူများအား အကူအညီပေးကြပါရန်နှင့် **"ရှေးဦးပြုစု လူမှုကရုဏာ အပေါင်းလက္ခဏာ First Aid; A gesture of humanity which makes the difference."** ဟူသည့် ဆောင်ပုဒ်ကို အနှစ်သာရပြည့်ဝစွာ အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကြက်ခြေနီ လှုပ်ရှားမှုအရှိန်အဟုန်ကို မြှင့်တင်ပေး ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွင်း၌လည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း ကျန်းမာရေး မြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သကဲ့သို့ ဘေးဒုက္ခကျရောက်နေသူများကိုလည်း ၎င်းတို့၏ ပုံမှန်ဘဝရောက်ရှိစေရန် ကူညီဆောင်ရွက်မည် ဟူသည့် လုပ်ငန်းစဉ်ကိုလည်း အစဉ်ဖော်ညွှန်းခဲ့ပေသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ထူးချွန် ကြက်ခြေနီ တွေ့ဆုံပွဲ ၂၀၀၄ ဖွင့်ပွဲအခမ်းအနား၌ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ မှာကြားချက် ဖြစ်သည့်–

"မြင့်မြတ်သည့် ကြက်ခြေနီ တပ်ဖွဲ့ဝင် ဘဝကို တစ်သက်ပတ်လုံး ခံယူပြီး ထူးချွန်သည့် အရည်အသွေး၊ ထက်မြက်သည့် စွမ်းဆောင်ရည်တို့ဖြင့် ပြည်သူ့အကျိုးပြု ကြက်ခြေနီလုပ်ငန်းများကို စွမ်းစွမ်းတမံ ဖြည့်ဆည်းဆောင်ရွက်နိုင်အောင် ကြိုးပမ်းအားထုတ်သွားကြပါ၊ ဖြူစင်မြင့်မြတ်သည့် ကြက်ခြေနီလုပ်ငန်းများနှင့် ယှဉ်တွဲပြီး နိုင်ငံအကျိုးပြု အမျိုးသားရေး တာဝန်များကို ကျေကျေပွန်ပွန် ထမ်းရွက်နိုင်စေရန် ထူးချွန်ထက်မြက်သည့် ကြက်ခြေနီခေါင်းဆောင်များဖြစ်အောင် မိမိတို့ကိုယ်မိမိတို့ ပြုစုပျိုးထောင်သွားကြပါ"

ဟူသည့် မွန်မြတ်သည့်ဩဝါဒကို ကြက်ခြေနီတို့၏ အလုပ်လမ်းညွှန်၊ ဘဝလမ်းညွှန်အဖြစ် ခံယူကာ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ကြိုဆိုကြပါစို့ဟု တိုက်တွန်းရင်း စေတနာလုပ်အားရှင် အပေါင်းအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။ ။

ဩဂုတ် ၂၈ရက်က ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တာဝန်ခံအရာရှိ ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများ စုပေါင်း၍ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းဖွဲ့စည်းရေးစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၉

သီးနှံစိုက်ပျိုးထုတ်လုပ်သူများ အသင်းဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာ လမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက အသင်းများဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဝါနှင့်ဝါထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဆောင်ရွက်ချက်၊ နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာ၊ ဆီအုန်း၊ မက္ကဒေးမီးယားစိုက်ပျိုးထုတ်လုပ်မှုတွင် ပုဂ္ဂလိကပိုင်းမှ ပါဝင်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံကြံနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဆောင်ရွက်ချက်တို့ကို သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသူများက အသင်းဖွဲ့စည်းရေးကိစ္စရပ်များဖြစ်သည့် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းတွင် ဆန်စပါး၊ လယ်ယာကိုင်းကျွန်းသီးနှံ၊ ရော်ဘာနှင့် ရော်ဘာထွက်ပစ္စည်း၊ ဆီအုန်းနှင့် ဆီအုန်းထွက်ပစ္စည်း၊ ဥယျာဉ်ခြံမြေသီးနှံ၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပုလဲရွှေပြည် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ပုလဲရွှေပြည်အထွေထွေစီးပွားရေး သမဝါယမ အသင်းစု၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနခန်းမ၌ ဩဂုတ် ၂၆ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးလွင်နှင့်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဆလိုင်းဘဝင်းတင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေး အစီရင်ခံစာများကိုတင်သွင်းအတည်ပြုကြပြီး သမဝါယမအသင်းများလုပ်ငန်း စွမ်းဆောင်ရည် ထူးချွန်ဆုများကို ချီးမြှင့်ရာ စီမံခန့်ခွဲရေးစွမ်းရည် ထူးချွန်ဆုကို ကင်းဝန်သမဝါယမအသင်းအားလည်းကောင်း၊ စီးပွားရေး စွမ်းရည် ထူးချွန်ဆုကို ကျေးမင်းကြီးသမဝါယမ အသင်းအား လည်းကောင်း၊ စည်းရုံးရေး စွမ်းရည်ထူးချွန်ဆုကို ကံရာဇာ သမဝါယမအသင်းအားလည်းကောင်း ချီးမြှင့်ပေးအပ်သည်။**(ခရိုင်ပြန်/ဆက်)**

ဩဂုတ် ၂၉ ရက်က ဒဂုံမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ကျောင်းခန်းမတွင်ကျင်းပရာ ကျောင်းသုံးတယ်လီဖုန်း တပ်ဆင်ရန် ငွေကျပ်တစ်သိန်းလှူဒါန်းသူ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးသိန်းနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။ (က-ပ)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပြည်နယ်၊ တိုင်းကိုယ်စားလှယ်များနှင့်ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၉

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်နှင့်တိုင်းကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

အမှာစကား

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး လုပ်ငန်း ကော်မတီ၊လုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက်စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် ခန်းမအတွင်းပြသထားသော ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အသုံးပြုမည့် နောက်ခံသရုပ်ဖော်နမူနာပုံစံများ၊ ဇာတ်တော်ကြီးပြိုင်ပွဲနှင့် ရုပ်သေးပြိုင်ပွဲ နမူနာပုံစံပန်းချီကားများ၊ ပိုစတာများ၊ ပို့စကတ်များနှင့် လက်ကမ်းစာစောင်နမူနာပုံစံများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်နှင့်တိုင်းကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပညာသင်ထောက်ပံ့ကြေးနှင့်ပညာရည်ချွန်ဆုပေးအပ်

ရန်ကုန် စက်တင်ဘာ ၉

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ သားသမီးများအတွက် ၂၀၀၄–၂၀၀၅ ခုနှစ် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားပြီး ၂၀၀၃–၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအပါအဝင်စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၇ ဦးတို့အတွက် ပညာရည်ချွန်ဆု ချီးမြှင့်ငွေ ကျပ် ၁၆၈၀၀၀၀ကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား**(ဝဲပုံ)**က လည်းကောင်း၊ ရိုးရိုးအောင် ကျောင်းသားကျောင်းသူ ၁၃၂ဦးနှင့် ၂၀၀၄–၂၀၀၅ ခုနှစ် ပညာသင်ထောက်ပံ့ကြေးအဖြစ် ကျောင်းသား ကျောင်းသူ ၆၂၅ ဦးတို့အတွက် စုစုပေါင်း ချီးမြှင့်ငွေ ကျပ် ၃၁၈၄၀၀၀ကို ဒုတိယဝန်ကြီး ဦးမောင်အောင်က လည်းကောင်း ကိုယ်စားလှယ် အသီးသီးတို့အား ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ဦးစီးဌာနမှ ဝန်ထမ်းမိသားစုများကိုယ်စား ကိုယ်စားလှယ်နှစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ စက်တင်ဘာလအတွက်

(၁၂–၉–၂၀၀၄)ရက်နေ့

နှင့်

(၂၆–၉–၂၀၀၄)ရက်နေ့

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိလုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်းလှူဒါန်းလိုသောစေတနာရှင်များလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း– ၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (နယ်စပ်/စည်ပင်)

ရွှေမြိုင်အရှင်ဝိလာသတရားပွဲ

ရန်ကုန် စက်တင်ဘာ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် ဇေယျမေဒနီစာသင်တိုက်စာချနာယကသာသနာပြု ဓမ္မကထိက ရွှေမြိုင်အရှင်ဝိလာသ မထေရ်မြတ်က တော်သလင်းလဆန်း ၈ရက်တွင် မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော် ပဋ္ဌာန်းဓမ္မာရုံ၌ လည်းကောင်း၊ တော်သလင်းလပြည့်နေ့တွင် ပေါင်မြို့နယ် အလုပ်ရွာ ကံဦးကျောင်းတိုက်ဓမ္မာရုံ၌လည်းကောင်း၊ တော်သလင်းလပြည့်ကျော် ၈ရက်တွင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ဇေယျမေဒနီစာသင်တိုက်ဓမ္မာရုံ၌လည်းကောင်း၊ တော်သလင်းလကွယ်နေ့တွင် မော်လမြိုင်မြို့ မြို့ဝသတိပဋ္ဌာန်ရိပ်သာ ဗောဓိပက္ခိယဓမ္မာရုံ၌လည်းကောင်း၊ သီတင်းကျွတ်လဆန်း ၈ရက်တွင် မော်လမြိုင်မြို့ မဟာမြိုင်ကျောင်းတိုက်ဓမ္မာရုံ၌လည်းကောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် မော်လမြိုင်မြို့ မေဓာဝီကျောင်းတိုက်ဓမ္မာရုံ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။**(က–ပ)**

10-9 (07).p65 1 09.09.2004, 11:58 PM

တစ်နိုင်ငံလုံးအတွက်လိုအပ်သော အခြေခံပညာအဆင့်ကျောင်းသုံးစာအုပ်များ ပြန်ကြားရေးဝန်ကြီးဌာနက လုံလုံလောက်လောက် ရိုက်နှိပ်ပေးနိုင်တော့မည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး) လေးယူနစ် ပတ်လည်ပုံနှိပ်စက်တပ်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) ရှင်းလင်းဆောင်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အောင်ပင်လယ်ရပ်ရှိ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)သို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အထက်မြန်မာပြည် အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက်လိုအပ်မည့် ကျောင်းသုံးဖတ်စာအုပ်များကို မန္တလေးမြို့၌ ရိုက်နှိပ်ပြီး အလွယ်တကူဖြန့်ဖြူးပေးနိုင်ရန် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)ကို တည်ဆောက်ရခြင်းဖြစ်ပါကြောင်း၊ ကျောင်းသုံးဖတ်စာအုပ်များအပြင် နိုင်ငံတော်အဖွဲ့အစည်းများ၏ ပုံနှိပ်လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ နောင်တွင် တစ်နိုင်ငံလုံးအတွက် လိုအပ်သောအခြေခံပညာအဆင့် ကျောင်းသုံးစာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနက လုံလုံလောက်လောက် ရိုက်နှိပ်ပေးနိုင်တော့မည်ဖြစ်ပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်ရုံ၏ အဆောက်အအုံများဆောက်လုပ်ပြီးစီးမှု၊ ခေတ်မီပတ်လည်ပုံနှိပ်စက်အပါအဝင် ဆက်စပ်ပုံနှိပ်စက်ပစ္စည်းများ ရောက်ရှိမှုနှင့် တပ်ဆင်ပြီးစီးမှု၊ စက္ကူ၊ မင် စသည့် ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ စုစည်းထားမှု၊ ရေရရှိရေး ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ရရှိရေးညှိနှိုင်းဆောင်ရွက်ထားမှု၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ စက်ရုံဝင်းအတွင်း အရိပ်ရလေကာပင်နှင့် သီးနှံပင်များစိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

အချိန်မီရိုက်ရန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရန်ကုန်မြို့အပြင် မန္တလေးမြို့၌ အစိုးရပုံနှိပ်စက်ရုံ သီးခြားထူထောင်နေပြီဖြစ်၍ ကျောင်းသုံးစာအုပ်များကို လုံလုံလောက်လောက် အချိန်မီရိုက်နှိပ်သွားနိုင်အောင် ညှိနှိုင်းစီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေးယူနစ်ပတ်လည်ပုံနှိပ်စက် တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တိုးချဲ့ရိုက်နှိပ်

အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)အနေဖြင့် ပုံနှိပ်လုပ်ငန်းများအပြင် ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)နှင့် ပူးပေါင်းပြီး လိုအပ်ပါက သတင်းစာများကိုလည်း တိုးချဲ့ရိုက်နှိပ်ပေးသွားနိုင်ရန် စီစဉ်ထားသည်။

သတင်းစာထုတ်ဝေ

ပြည်သူများအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများကို ရက်မခြား နေ့ချင်းဖတ်ရှုနိုင်စေရေးအတွက် မန္တလေးမြို့အပြင် ကလေး၊ မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ မကွေးနှင့် စစ်တွေမြို့တို့၌လည်း ကိုယ်ပွားသတင်းစာတိုက်များဖွင့်လှစ်ပြီး သတင်းစာများကို ရိုက်နှိပ်ထုတ်ဝေလျက်ရှိပြီဖြစ်သည်။

မြိတ်မြို့၌ဖွင့်လှစ်မည်

ထို့အပြင် တနင်္သာရီတိုင်း မြိတ်မြို့၌လည်း ကိုယ်ပွားသတင်းစာတိုက်တစ်ခုကို မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

✡ *ကျောဖုံးမှ*

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဘုရားကြီးအတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့ဝင်များအား ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော် ကြည်ညိုကြစဉ်။

(သတင်းစဉ်)

အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)

အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀–၉–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း (စတုတ္ထဆယ်စုနှစ်)(အပိုင်း–၁)
- ၈:၀၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၅ ၆။ အကပြိုင်ပွဲ
- ၈:၂၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronu -nciation .
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး)(ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(ဝါသနာရှင်အဆင့်)(အမျိုးသား၊အမျိုးသမီး)
- ၁၇:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၅၀ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၅၅ ၁၀။ မြန်မာစာ မြန်မာစကား
- ၁၈:၁၀ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၂၀ ၁၂။ Discovery
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း–၁၀)
- ၁၉:၃၅ ၁၆။ အနုပညာရှင်များ စုံလင်စွာပါဝင် ရွှက်လှေအားကစားရန်ပုံငွေပွဲအစီအစဉ်
- ၁၉:၄၅ ၁၇။ နှောင်းခေတ်တေးပဒေသာ
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **'အချစ်ဆူးလေးစူးသွားပြီ' (အပိုင်း–၂)** လူမင်း၊ဇင်ဝိုင်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ–မောင်ဗေဒါ)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ် ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်းတစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

သန့်ရှင်းကျန်းမာ ကွမ်းစားရှောင်ကြဉ်ပါ

တင်ထွဋ်
(အခိုးရတိုင်းရင်းဆေး)

"မောင်ရင် ဘယ်ကလှည့်လာသလဲ၊ လာထိုင်ကွယ်၊ ရုံးပိတ်ရက် တစ်ပတ်တစ်ခါ စကားဝိုင်းဖွဲ့ဖို့ မဆုံကြတာ စာပေနှင့် စာနယ်ဇင်းဗဟိုဦးစီးအဖွဲ့အစည်းအဝေး ပြီးကတည်းကဆိုတော့ လေးလတောင် ကျော်ပြီနော်"

စာပေရေးရာ၊ ဆေးပညာဆိုင်ရာ အကြံဉာဏ်များရယူ တိုင်ပင်ဆွေးနွေး စကားဝိုင်းဖွဲ့နေကျ အသက်၆၀နီးကျင် အနောက်တိုင်းဆေးပညာရှင်လဲဖြစ်၊ စာရေးဆရာတစ်ဦးလဲ ဖြစ်သော ဒေါက်တာဦးလူမွန်က ပက်လက်ကုလားထိုင်တွင်ထိုင်လျက် လက်ထဲ၌သတင်းစာကိုင်ဖတ်ကာ ကျွန်တော့်အား ကြိုဆိုတုံ့ပြန်စကား ပြောကြားလိုက်ပါသည်။

"ဆရာနဲ့စကားဝိုင်းမဖွဲ့ရတာ ကြာပြီဖြစ်လို့ သီးသန့်လာတာပါ၊ ဘာတွေများ ဖတ်နေသလဲ၊ အကြောင်းထူးများရှိရင် ဖောက်သည်ချပါဦး ခင်ဗျာ"

"တခြားမဟုတ်ပါဘူးကွာ၊ ၁-၆-၂၀၀၄ ရက်နေ့ထုတ် သတင်းစာထဲမှာပါတဲ့ ၂၀၀၄ ခုနှစ် မေလ ၃၁ရက်နေ့က ကျင်းပခဲ့တဲ့ **၂၀၀၄ခုနှစ်ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့** အခမ်းအနားမှာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့် ပြောကြားသွားတဲ့ မိန့်ခွန်းထဲက မှတ်သားဖွယ်ရာတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျီနီဗာ ရုံးချုပ်မှ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးအား **၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆု**ကို ချီးမြှင့်ကြောင်း စတာတွေကိုဖတ်ရင်း ပြည်သူတွေအတွက် စီးပွားရေး၊ လူမှုရေးနဲ့ ကျန်းမာရေးအန္တရာယ် အမျိုးမျိုးကို ကျရောက်စေတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စတာတွေနဲ့ ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိတဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းထဲမှာ ပါဝင်တဲ့ ကွမ်းစားခြင်းဆိုတဲ့ အလေ့အထကို ပြည်သူတွေ သိရှိနားလည် သဘောပေါက်အောင် ဘယ်လိုအသိပညာ ပေးရမယ်ဆိုတာ စဉ်းစားနေတာ"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ အဲဒီနေ့က ဖတ်လိုက်ရတယ်၊ အဲဒီလို ဆုရရှိတာဟာ မြန်မာ့ကျန်းမာရေး သမိုင်းမှာဂုဏ်ယူစရာပါပဲ ခင်ဗျာ"

"ကွမ်းစားတယ်ဆိုတဲ့ ကွမ်းယာထဲမှာ ကွမ်းရွက်နဲ့အတူ အဓိက အမယ်(အမည်)ပစ္စည်းများဖြစ်တဲ့ ကွမ်းသီး၊ ထုံး၊ ဆေးရွက်၊ စမုန်စပါး၊ နွယ်ချို၊ ပရုတ် စတာတွေပါတယ်ပေါ့။ ကွမ်းရွက်ဟာ များများစားရင် ဝမ်းချုပ် စေတတ် တယ်၊ ကွမ်းသီးကျပြန်တော့ စိတ်အာရုံကို ယစ်မူးစေခြင်း၊ ထိုင်းမှိုင်းစေခြင်း၊ ဝမ်းဗိုက်ကိုအောင့်စေခြင်းတို့ ဖြစ်စေတယ်၊ ထုံးကတော့ အစားများရင် ဆီးလမ်းကြောင်းနဲ့ ကျောက်ကပ်ဆိုင်ရာ ရောဂါတွေ၊ ဆီးအိမ်မှာ ကျောက်တည်တာတွေ ဖြစ်တတ်တယ်ဆိုတာ လူတိုင်းလိုလို သိကြပါတယ်။ စမုန်စပါး အစားများရင် အဆုတ်ရောင်တာ၊ အသက်ရှူလမ်းကြောင်းမှာ ပြင်းထန်တဲ့အနာတွေ ဖြစ်တတ်တာ၊ နွယ်ချိုအစားများရင် အားအင်ကုန်ခန်းတာ၊ ခေါင်းကိုက်တာ၊ ထိုင်းမှိုင်း လေးလံလာတာ၊ မျက်နှာနဲ့ ခြေလက်တွေ ဖောရောင်တာ၊ သွေးပေါင်ချိန် မြင့်လာတာကနေ နှလုံးခုန် ရပ်တဲ့အထိ အန္တရာယ်ဖြစ်စေတယ်"

"အေး-အဲဒီမိန့်ခွန်းထဲမှာ ဆေးပါတဲ့ ကွမ်းစားတာ အပါအဝင် စီးကရက်၊ဆေးပေါ့လိပ်၊ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် သောက်သုံးတာတွေ၊ ဆေးရွက်ကြီးငုံတာတွေ စတဲ့ ဆေးရွက်ကြီးထွက် ပစ္စည်း အမျိုးမျိုး သောက်သုံးတာတွေဟာ လူငယ်လူရွယ်တွေနဲ့ ပြည်သူတစ်ရပ်လုံးကို ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အန္တရာယ်အမျိုးမျိုး ကျရောက်စေကြောင်း၊ အဲဒီလို ဆေးရွက်ကြီးထွက်ပစ္စည်းတွေ သောက်သုံးတဲ့အတွက် ကုန်ကျတဲ့ စရိတ်စကတွေဟာ ဝင်ငွေနည်းပါးလှတဲ့ အိမ်ထောင်စုတွေ အတွက် ဆင်းရဲချို့တဲ့မှုရဲ့အရင်းအမြစ်ဖြစ်တယ်ဆိုတာကို မီးမောင်းထိုး ပြောကြားသွားတယ်"

"ဟုတ်ပါတယ်ဆရာ၊ကမ္ဘာ့အရပ်ရပ်မှာ ပြုလုပ်ထားတဲ့ သုတေသနများအရရော မြန်မာနိုင်ငံမှာ ဆောင်ရွက်ခဲ့တဲ့ သုတေသနများအနေနဲ့ပါ ကွမ်းစားခြင်းအပါအဝင်၊ဆေးလိပ် သောက်ခြင်း၊ ဆေးရွက်ငုံခြင်း စတဲ့ အလေ့အထတွေကို ဝင်ငွေနည်းပါးတဲ့ မိသားစုတွေမှာ ပိုမိုပြီးတွေ့ ရှိရတယ်လို့လဲ ထည့်သွင်း ပြောကြားသွားသေးတယ် ခင်ဗျာ့"

"ဟုတ်တယ် မောင်ရင်၊ အခုကြည့်လေ၊ ကွမ်းစားတဲ့ ရင် ကုသိုလ်ကံအားနည်းသည့် မွေးရာပါ မျိုးရိုးရောဂါ၊ (Inherited and Congenital Diseases)တွေ၊ ကူးစက်ရောဂါ(Infectious diseases)တွေ၊ အာဟာရနဲ့ဆိုင်သော ရောဂါ (တစ်နည်းအားဖြင့်) အာဟာရချို့တဲ့သော ရောဂါ (°Nutritional disorders)တွေ၊ အသစ်ဖြစ်ပေါ်လာတဲ့ အသားစိုင်များ၊ သို့မဟုတ် ကင်ဆာရောဂါ (New Growth or Cancer)တွေ၊သွေးကြော၊ဦးနှောက်၊ အာရုံကြောနဲ့ဇရာကြောင့်ဖြစ်တဲ့ရောဂါ(Vascular & Degenerative disorders)တွေ၊ ကျန်းမာရေးဥပဒေကို ချိုးဖောက်ခြင်း (Violations of law of health)ဖြစ်တာတွေရယ်လို့ရှိရာမှာ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း အလေ့အထတွေဟာ အခုပြောခဲ့တဲ့ ရောဂါဖြစ်ရခြင်း အကြောင်းတရားတွေနဲ့ အကျုံးဝင်နေတယ်"

"ဟုတ်ကဲ့၊ အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့အပြင် ရောဂါဖြစ်ခြင်းအကြောင်းတွေနဲ့ ပတ်သက်တဲ့ တိုင်းရင်းဆေး ရှုထောင့်အရ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ"ဆိုတဲ့ အကြောင်း လေးပါးရှိရာမှာ ကံ၊ စိတ်နဲ့ အာဟာရဆိုတဲ့ အကြောင်းသုံးပါးဟာ ဆရာအခုပြောပြလိုက်တဲ့ အနောက် အလေ့အထကို မြန်မာနိုင်ငံအတွင်းမှာပဲ လေ့လာကြည့်စမ်းပါကွာ၊ အလွှာအသီးသီးမှာ ကျယ်ကျယ်ပြန့်ပြန့် စားသုံးလာကြရာမှာ အမျိုးသားများအပြင် အမျိုးသမီးများပါ တစ်နည်းပြောရရင် ကွမ်းယာရောင်းတဲ့ အမျိုးသမီး၊ ကလေးသူငယ်များပါ စားတတ်လာတာတွေ့ရတယ်။အဲဒီလိုကွမ်းစားတဲ့ အလေ့အထတွေပိုပြီး များလာတဲ့အတွက်လဲ တစ်ဖက်က ကွမ်းဆေးမျိုးစုံရဲ့ဈေးနှုန်းမြင့်မားလာတာတွေ့ရပြန်တယ်"

"ဆရာရယ် ဒါတင်ဘယ်ကမလဲ၊ ကွမ်းယာစားတဲ့ သူတွေဟာ အနိမ့်ဆုံး ဈေးနှုန်းအနေနဲ့ ငွေကျပ်ငါးဆယ်ဖိုး ဝယ်ရင်ကွမ်းယာခြောက်ယာနှုန်းနဲ့တွက်တာတောင် တစ်နေ့ ကွမ်းဖိုးအနည်းဆုံး ငွေကျပ်နှစ်ရာ၊ သုံးရာလောက် ကုန်နေတာ တွေ့ရတော့ တစ်လတာကုန်ကျစရိတ်ကို တွက်မယ် ဆိုရင် ဘယ်နည်းပါ့မလဲ"

"မှန်တာပေါ့၊ တို့မြန်မာနိုင်ငံမှာ ကျန်းမာရေးဦးစီးဌာနက ၂၀၀၄ခုနှစ်အတွင်း ပြုလုပ်ခဲ့တဲ့ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနဲ့ဆင်းရဲချို့တဲ့မှုနှီးနွယ်ချက်ဆိုင်ရာ သုတေသန တစ်ရပ်မှာဝင်ငွေနည်းပါးတဲ့ မိသားစုတွေအတွက် အသုံးစရိတ် ဝန်ထုပ်ဝန်ပိုးဖြစ်နေရတယ်ဆိုတာ တွေ့ရတယ်"

"ဆရာရယ် ကွမ်းစား၊ ဆေးလိပ်သောက်တဲ့ သူတွေဟာ မိမိတို့သုံးစွဲနေတဲ့ ကုန်ကျစရိတ်ကို အမှုမဲ့အမှတ်မဲ့ နေလိုက်ကြတာနော်၊ အဲဒီ ကွမ်းဖိုး၊ ဆေးလိပ်ဖိုးတွေကို မိသားစုအတွင်းမှာရှိတဲ့ မိမိအပါအဝင် အထူးသဖြင့် ကလေး သူငယ်တွေအတွက် အာဟာရဖြစ်စေမယ့် ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ စတဲ့ အစားအစာတွေအဖြစ် ပြောင်းလဲ ကျွေးမွေး ဖြည့်ဆည်းပေးလိုက်မယ်ဆိုရင်၊ တစ်ဦးချင်းနဲ့ မိသားစု အတွက်သာမက တစ်တိုင်းပြည်လုံးအတွက် မျက်မှောက် ပစ္စက္ခကာလမှာရော၊ နောင်အနာဂတ်မှာပါ ဘယ်လောက် အကျိုးရှိလိုက်မလဲ ခင်ဗျာ"

"ဟုတ်တာပေါ့ မောင်ရင်၊ ကျန်းမာရေးဟာ ရရှိခဲလှတဲ့ လာဘ်တစ်ပါး၊ အာရောဂျာ ပရမာလာဘာလို့ လူတိုင်းပြောနေကြပေမယ့် ကျန်းမာခြင်းရဲ့တန်ဖိုးကို အလေးထားတတ်၊ နားလည်မှုရှိရှိနဲ့ ကျင့်ကြံတတ်တဲ့သူကတော့ နည်းတယ် ကွယ့်။ ရောဂါဖြစ်ပွားရခြင်းအကြောင်း (မကျန်းမာရခြင်း အကြောင်း)အချို့ကို အနောက်တိုင်းဆေးပညာအရ ပြောရ တိုင်း ဆေးပညာအရ ရောဂါဖြစ်ရခြင်းအကြောင်း တွေနဲ့ တော်တော့်ကို လိုက်လျောညီထွေ ကိုက်ညီနေတာ တွေ့ရတယ်"

"မောင်ရင်၊ ကိုယ်ဝန်ဆောင် မိခင်တွေအနေနဲ့ ကိုယ်ဝန်ဆောင်စဉ်ကာလမှာ ဆေးကွမ်းစားတာ၊ ဆေးလိပ်သောက်တာတွေ လုပ်မိပြီဆိုရင် မွေးဖွားလာမယ့် သန္ဓေသားမှာ မွေးရာပါ နှလုံးရောဂါ၊ ခန္ဓာကိုယ်တည်ဆောက်ပုံ ပျက်ယွင်းမှု၊ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲစတဲ့ ကုသိုလ်ကံအားနည်းတဲ့ မွေးရာပါမျိုးရိုးရောဂါ (Inherited and Congenital diseases) တွေ ဖြစ်တတ်တယ်လေ"

"အင်မတန် သတိထားရှောင်ကြဉ်ရမယ့် အချက်တစ်ခုပဲနော်"

"အေး-တစ်ကိုယ်ရေသန့်ရှင်းမှုနဲ့ ကျန်းမာရေးအသိတရားရှိမှု အားနည်းတာတွေကြောင့် ရှင်းရှင်းပြောရရင် ကွမ်းတံတွေးကို အဆောက်အအုံနံရံတွေ၊ လူသွားစင်္ကြံတွေ၊ လူအများစုဝေးရာ ကားမှတ်တိုင်တို့၊ ဆေးရုံတို့၊ ရုံး၊ ရုပ်ရှင်ရုံ၊ အများပြည်သူအပန်းဖြေသည့် ပန်းခြံဥယျာဉ်များ၊ စားသောက်ဆိုင်စတဲ့ နေရာတွေမှာ စည်းကမ်းမဲ့စွာ ထွေးတာတို့၊ပြည်သူအများစီးနင်းလိုက်ပါတဲ့ခရီးသည်တင်ဘတ်စကားကြီးတွေပေါ်မှာ အမှိုက်ပစ်ဖို့ သတ်မှတ်ပေးထားတဲ့ အမှိုက်ပုံးထဲကို ထွေးခံသဖွယ် ကွမ်းတံတွေး ထွေးပစ်တာတို့စတဲ့ အမူအကျင့်တွေကြောင့် ကူးစက်ရောဂါတွေ ဖြစ်စေတယ်လေ"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်တို့ ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲနေတဲ့ လူအများ စီးနင်းလိုက်ပါတဲ့ ခရီးသည်တင်ဘတ်စကားကြီးတွေမှာ ယာဉ်ပေါ်က အမှိုက်နဲ့ ကွမ်းတံတွေးမထွေးဖို့၊ယာဉ်ပေါ်မှာလဲကွမ်းမစားဖို့သတိပေးတားမြစ်စာတန်းတွေရေးပြီးစည်းကမ်းချမှတ်တာတွေ၊ အဲဒီ စည်းကမ်းချက်တွေကိုကျူးလွန်ဖောက်ဖျက်လို့အပြစ်ပေးအရေးယူတာတွေ၊ဌာနဆိုင်ရာရုံးတွေ၊သန့်ရှင်းလှပတဲ့အဆောက်အအုံကြီးတွေရဲ့အဝင်မှာကွမ်းစားခြင်းကိုတားမြစ်တဲ့သတိပေးဆိုင်းဘုတ်တွေ ရေးထားတာတွေဟာ သိပ်ကို လုပ်သင့်လုပ်ထိုက်၊ လိုက်နာသင့် လိုက်နာထိုက်တဲ့ စည်းကမ်းတွေပဲ ခင်ဗျာ့"

"အေး-ကွမ်းစားတဲ့သူတွေဟာ လျှာတွေထူလာမယ်၊ အပေါ်သွားနဲ့အောက်သွားတွေ အကြိမ်ကြိမ်ပွတ်တိုက်မိလို့ သွားတွေအနေအထားပျက်တာ၊ သွားတွေမှာ ကွမ်းချေးတွေ ကပ်ပြီး သွားအလှတွေပျက်စေတာတွေနဲ့ သွားဖုံးရေစီးကမ်းပြိုလိုက်တဲ့ရောဂါတွေလဲ ဖြစ်လာတတ်တယ်။ စားသောက်တဲ့ အစားအစာတွေရဲ့ အရသာမှန်ကို သိဖို့ခက်ခဲလာမယ်၊ ရှင်းအောင်ပြောရရင် ချဉ်တဲ့စပ်တဲ့ အစားအစာတွေစားမိရင် ပုံမှန်အရသာထက်ပိုမိုလွန်ကဲပြီး ခံစားရလို့ အချဉ်အစပ် အရသာရှိတဲ့ အစားအစာတွေကို ရှောင်လေ့ရှိကြတယ်လေ။ အဲဒီတော့ အာဟာရအနေနဲ့ တိုင်းရင်းဆေးပညာအလိုအရပြောရရင် ချို၊ချဉ်၊ငန်၊ဖန်၊စပ်၊ခါး ဆိုတဲ့ ရသာခြောက်ပါး စားသုံးမှုမမျှတတော့ဘဲ အနည်းဆုံးနှစ်ပါး ချို့တဲ့လာမယ်၊ အဲဒီအခါ အာဟာရချို့တဲ့ ရောဂါကို ဖြစ်စေတယ်၊ အာဟာရချို့တဲ့လာရင် နှလုံးရောဂါဖြစ်ဖို့ အလားအလာရှိလာပြန်တယ်။ နောက်ပြီး ကွမ်းစားတဲ့သူတွေဟာ ကွမ်းကိုအမြဲငုံလေ့ရှိလို့ ပါးစောင်မြွေးရောင်တာတွေ၊ ပါးစောင်မြွေး အသားတွင်း ကင်ဆာရောဂါဖြစ်တာတွေ ဖြစ်တတ်ပြန်တဲ့အပြင် အစာအိမ်ရောဂါ၊ ဆီးလမ်းကြောင်းနဲ ကျောက်ကပ်ဆိုင်ရာရောဂါ၊ ဆီးအိမ်မှာကျောက်တည်ခြင်း၊ သလိပ်နဲ့တံတွေးကို အခြေခံဖြစ်ပွားတတ်တဲ့ အဆုတ်ရောဂါ စတာတွေ ဖြစ်တတ်ပြန်သေးတယ်"

"ဟုတ်တယ်ခင်ဗျာ့၊ မကြာသေးခင်ကဘဲ သတင်းစာတွေထဲမှာ အနောက်တိုင်း ဆေးပညာရှင်ကြီးနှစ်ဦးတို့ ရေးသားတဲ့ အသက်ရှည်ကျန်းမာ စားသောက်နေထိုင်ရာ ဆောင်းပါးနဲ့ အသက်ရှည်စွာ အနာမဲ့ရေးဆောင်းပါးတွေကို ဖတ်လိုက်ရတဲ့အထဲမှာ ဘဝတစ်သက်တာအတွက် ကျန်းမာရေးကောင်းမွန်စေဖို့နဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ချက်တွေဟာ မျှတတဲ့ အစားအစာစားတတ်မှု (Balanced Diet)နဲ့ ကျန်းမာတဲ့လူနေမှုပုံစံ (Healthy Life Style) တို့ဖြစ်ပြီး လူသားတွေ ကျန်းမာရေးညီညွတ်စေဖို့ ဘယ်လို အစားအသောက်တွေ ရွေးချယ်စားသောက်ရမယ်၊ ဘယ်လို ကျင့်ကြံနေထိုင်ရမယ်ဆိုတာတွေကို ပညာပေးထားသလို **အသက်ရှည်စွာအနာမဲ့ရေး**ဆောင်းပါးမှာ လူတိုင်းလက်လှမ်းမီပြီး သိရှိနားလည်နိုင်၊ ကျင့်ကြံအားထုတ်နိုင်တဲ့ ကျန်းမာပြီး အသက်ရှည်ဖို့အတွက် မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ အသက်ရှည်စွာ အနာမဲ့ရေး အကြောင်းတရားငါးပါးကို တိုင်းရင်းဆေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များနဲ့ တစ်ချက်ချင်း ပြည့်စုံစွာ ရေးသားထားတာတွေနဲ့ ယှဉ်ထိုးသုံးသပ်လိုက်ရင် ကွမ်းစားတဲ့ အလေ့အထဟာ အသက်ရှည်စွာအနာမဲ့ရေး အတွက် ရှောင်ကြဉ်ရန်အချက်တစ်ခုပါပဲ"

"အဲဒီဆောင်းပါးတွေရဲ့ အဓိကရည်ရွယ်ချက်ကို ပြောရရင် လူသားတွေရဲ့ အသက်ရှည်စွာအနာမဲ့ရေးအတွက် မြတ်ဗုဒ္ဓ ဟောကြားခဲ့တဲ့ အကြောင်းတရား ငါးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ မိမိနဲ့သပ္ပာယဖြစ်တဲ့ အစားအသောက်ကို ရွေးချယ်စားသုံးရမည်၊ သပ္ပာယမျှတဲ့ အစားအစာကိုလဲ အတိုင်းရှိ ပမာဏသိစွာ သုံးစွဲအပ်၏။ **သပ္ပာယမတ္တံ ဇာနာတိ** လို့ ဟောကြားချက်ပဲပေါ့"

"ဒါဆိုရင် အဲဒီဆောင်းပါးတွေက ညွှန်းဆိုထားတဲ့ လူတွေရဲ့ ကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန် အနေနဲ့ရှောင်ရန်ဖြစ်တဲ့ ကွမ်းစားတာ၊ ဆေးလိပ် သောက်တာတို့အနက် ပတ်ဝန်းကျင်သန့်ရှင်းရေး အတွက် ရော၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက်ပါ အရေးကြီးလှတဲ့ ကွမ်းစားတဲ့အလေ့အထနဲ့ ပတ်သက်ပြီး အခုရတဲ့ အချိန်တိုလေးမှာ အထူးပြောပြ ပေးစေချင်ပါတယ် ခင်ဗျာ"

"ပြောပြပါ့မယ်၊ မောင်ရင်လေ့လာထားတဲ့ တိုင်းရင်းဆေးပညာရဲ့ ရှုထောင့်အရ ကွမ်းစားတာနဲ့ပတ်သက်ပြီး ဘယ်လိုဆိုးကျိုးတွေရှိတယ်ဆိုတာ ပြောပြပါဦး"

"ကွမ်းစားတယ်ဆိုတဲ့ ကွမ်းယာထဲမှာ ကွမ်းရွက်နဲ့အတူ အဓိက အမယ်(အမည်)ပစ္စည်းများဖြစ်တဲ့ ကွမ်းသီး၊ ထုံး၊ ဆေးရွက်၊ စမုန်စပါး၊ နွယ်ချိုပရုတ် စတာတွေပါတယ်ပေါ့။ ကွမ်းရွက်ဟာ များများစားရင် ဝမ်းချုပ်စေတတ်တယ်၊ ကွမ်းသီးကျပြန်တော့ စိတ်အာရုံကို ယစ်မူးစေခြင်း၊ ထိုင်းမှိုင်းစေခြင်း၊ဝမ်းဗိုက်ကိုအောင့်စေခြင်းတို့ ဖြစ်စေတယ်၊ ထုံးကတော့ အစားများရင် ဆီးလမ်းကြောင်းနဲ့ ကျောက်ကပ်ဆိုင်ရာရောဂါတွေ၊ ဆီးအိမ်မှာ ကျောက်တည်တာတွေ ဖြစ်တတ်တယ်ဆိုတာ လူတိုင်းလိုလို သိကြပါတယ်။ စမုန်စပါး အစားများရင် အဆုတ်ရောင်တာ အသက်ရှူလမ်းကြောင်းမှာ ပြင်းထန်တဲ့အနာတွေဖြစ်တတ်တာ၊ နွယ်ချိုအစားများရင် အားအင်ကုန်ခန်းတာ၊ခေါင်းကိုက်တာ၊ ထိုင်းမှိုင်းလေးလံလာတာ၊ မျက်နှာနဲ့ခြေလက်တွေ ဖောရောင်တာ၊ သွေးပေါင်ချိန် မြင့်လာတာကနေ နှလုံးခုန်ရပ်တဲ့အထိ အန္တရာယ်ဖြစ်စေတယ်ဆိုတာကို တိုင်းရင်းဆေးဆိုင်ရာ မဂ္ဂဇင်းစာစောင်တွေနဲ့ အနောက်တိုင်းဆေးပညာစာစောင်တွေမှာ ရေးသားထားတာ လေ့လာရဖူးပါတယ် ခင်ဗျာ"

"အေး-ကွမ်းစားခြင်းရဲ့ ဆိုးကျိုးကို စောစောက ပြောခဲ့တဲ့ အနောက်တိုင်း ဆေးပညာရှုထောင့်အရ ရောဂါဖြစ်ရခြင်းအကြောင်းတရားတွေနဲ့ ဆက်စပ်ပြီး ပြောရရင် ကွမ်းစားတာများခြင်းကြောင့် ပါးစောင်မြွေးရောင်တဲ့အဆင့်ကနေ ပါးစောင်မြွေးမှာ အသားမာတွေဖြစ်ပေါ်ပြီး ကင်ဆာရောဂါအဖြစ် ကူးပြောင်းလာတာတွေ၊ ပါးစပ်၊ လျှာ၊ အစာပြွန်၊ လည်မျိုပြွန်ဝ၊ ဆီးအိမ်ကင်ဆာတွေနဲ့အခြား ကင်ဆာရောဂါတွေ ဖြစ်တတ်လို့ အသစ်ဖြစ်ပေါ်လာတဲ့ အသားစိုင်များ သို့မဟုတ် ကင်ဆာရောဂါ (New Growth or Cancer) ဆိုတဲ့ ရောဂါဖြစ်ရခြင်းအကြောင်း အမျိုးအစားထဲ ပါဝင်သွားသလို ဦးနှောက်နဲ့ အာရုံကြောတွေ အားနည်းစေခြင်း၊ အရွယ်ကို ရင့်ရော်စေခြင်း၊ သွေးကြောပိတ်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ရုတ်တရက် နှလုံးသွေးရပ်ခြင်းနဲ့ လေဖြတ်ခြင်း စတဲ့ရောဂါတွေ ဖြစ်စေတဲ့အတွက် သွေးကြော၊ ဦးနှောက်အာရုံကြောနှင့်ဇရာကြောင့်ဖြစ်သော ရောဂါ (Vascular & Degenerative disorders) အမျိုးအစားထဲပါသွားတယ်"

"ဟုတ်တယ်ခင်ဗျာ့၊ဆရာအခုပြောသွားတဲ့ ဖြစ်တတ်တဲ့ ရောဂါတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးဦးစီးဌာနက ပညာပေး ဖြန့်ဝေခဲ့တဲ့ လက်ကမ်းစာစောင်လေးမှာ ဖတ်ခဲ့ဖူးတာ အခုဆရာပြောလိုက်တော့ ပြည့်ပြည့်စုံစုံသိသွားရတယ်လေ၊ ဆရာပြောသလို ကွမ်းစားတဲ့သူအများစုဟာ အရွယ်ရင့်ကြတာ၊ အစာအိမ်ရောဂါနဲ့ သွေးကြောပိတ်ရောဂါတွေလဲ ဖြစ်လေ့ရှိကြတာ လေ့လာမှတ်သားရဖူးပါတယ်၊ နောက်ပြီး ကွမ်းစားလေ့ရှိတဲ့သူဟာ စားနေကျအချိန်မှာ မစားရရင် ဇောချွေးတွေပြန်ပြီး ရင်တုန်သလို ၊ မူးသလို တံတွေး တပျစ်ပျစ်နဲ့ အလိုမကျမှုတွေ ဖြစ်တတ်တယ်ဆို"

"ဟုတ်တာပေါ့၊ ကွမ်းစားချိန်ကျရောက်လို့ မစားရရင် ဒေါသထွက်တာတို့၊ ရင်တုန်တာတို့၊ မောပန်းနွမ်းနယ်တာ၊ အလိုမကျတာတို့ဖြစ်စေတတ်လို့ စောစောကပြောခဲ့တဲ့ ကျန်းမာရေးဥပဒေကို ချိုးဖောက်ခြင်း (Violations of Law of Health) ဆိုတဲ့ရောဂါဖြစ်ရခြင်းအကြောင်း တစ်ရပ်ထဲမှာ အကျုံးဝင်သွားတာပေါ့ကွယ်"

"ဟုတ်တယ်ခင်ဗျာ့၊ လူတွေအသက်ရှည်စွာ အနာမဲ့ရေး အတွက် မျှတတဲ့ အာဟာရကိုလဲမဖြစ်၊ ရောဂါဖြစ်ခြင်း အကြောင်းတရားတွေနဲ့လဲ အကျုံးဝင်၊ ဖြစ်ပွားသည့် ရောဂါများအတွက် မိသားစုဝင်ငွေကိုလဲ ထိခိုက်စေတဲ့ ကွမ်းစားခြင်း အလေ့အထ ကို ပြည်သူအများသိရှိနားလည် သဘောပေါက်ပြီး ရှောင်ကြဉ်နိုင်ကြဖို့ ရေးသားတင်ပြလိုက်ပါ့မယ် ဆရာ"။ ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ (၁၄/၂၀၀၄) အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ နာယက ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ပို့ဆောင်ရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ မြန်မာ့လေကြောင်းအင်ဂျင်နီယာချုပ် ဦးရန်ပြေ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးဝင်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင်များနှင့်လေကြောင်းလိုင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖြည့်စွက်ရှင်းလင်း

အစည်းအဝေးတွင် အတွင်းရေးမှူး ဗိုလ်မှူးဝင်းထွန်းဦးက ဩဂုတ် ၂၆ ရက်တွင် ကျင်းပခဲ့သော အစည်းအဝေး အမှတ်စဉ်(၁၃/၂၀၀၄)တွင် လေကြောင်းလိုင်းများမှ တင်ပြချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့လေကြောင်း အင်ဂျင်နီယာချုပ် ဦးရန်ပြေက ရှင်းလင်းတင်ပြပြီး အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော ကော်မတီဝင်များက ဆွေးနွေးတင်ပြကြ၍ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးနှင့် အထူးအရာရှိတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ (၁၄/၂၀၀၄) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ပို့ဆောင်ရေး)

ဝိပဿနာတရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့ ခနောင်တိုအရှေ့ရပ်ကွက် ကံကြီးပိုင်းရှိ သာသနာ့ရက္ခိတရိပ်သာ (တိုက်ကျောင်း)၌ ကျေးဇူးရှင်ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိစ္စ၏ အလိုတော်ကျ သတိပဋ္ဌာန် အလုပ်ပေးတရားတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ၂၇ရက်)မှ လပြည့်ကျော် ၅ ရက် (နိုဝင်ဘာ ၂ရက်)အထိ စတုတ္ထအကြိမ် ခုနစ်ရက်တရားစခန်းကျင်းပ၍ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများ အောက်တိုဘာ ၁ ရက်မှစ၍ ရိပ်သာသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦး၊ ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးသောင်းထွန်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာတမ်းဖတ်ပွဲပထမပိုင်း သဘာပတိ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်က **"မြန်မာနိုင်ငံ စာတတ်မြောက်ရေး မော်ကွန်း"** ပြုစုထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စာတမ်းရှင် အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက **"နိုင်ငံတကာနှင့် မြန်မာနိုင်ငံ စာတတ်မြောက်မှု အခြေအနေသုံးသပ်ချက်"** စာတမ်းကို ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲ အခမ်းအနား တက်ရောက်ကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ စာတမ်းရှင် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောအောင်က **"နယ်စပ်ဒေသစာတတ်မြောက်ရေး လုပ်ငန်း (၁၉၉၆ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ)"** စာတမ်းကိုဖတ်ကြားတင်သွင်းသည်။

ထို့နောက် စာတမ်းဖတ်ပွဲ အခမ်းအနား တက်ရောက်ကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်က ရှင်းလင်းဖြေကြားပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး အောင်မျိုးမင်းက မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌဦးသန်းဦး၊ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးသောင်းထွန်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးစောအောင်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိက အစည်းအဝေးတက်ရန် နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်သူနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့်ပုဂ္ဂလိက အဆင့်မြင့်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ **(အပေါ်ပုံ)** သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဗန်ကောက်မြို့သို့ ထွက်ခွာကြသည်။

လိုက်ပါသွား

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီး ၁၁ဦးတို့ အပြင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင် ၁၅ ဦးတို့လည်း လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင်များ အထူးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင်များအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အမှုဆောင်များ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်းရှိ အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင်နှင့် ဦးကျော်ကျော်လှိုင်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(ပြည်ပရေးရာတာဝန်ခံ) ဦးကျော်နိုင်က ၂၀၀၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှစတင်၍ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပမည့် အသက် (၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လူငယ်လက်ရွေးစင်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌက ယင်းပြိုင်ပွဲအောင်နိုင်ရေးအတွက် စွမ်းရည်ရှိသမျှ ကြိုးပမ်းသွားရန်နှင့် ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

စက်တင်ဘာ ၃ ရက်က ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် လှိုင်သာယာ မြို့နယ် မီးသတ်စခန်းသို့ သွားရောက်ပြီး မီးသတ်စက်ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာများ ကောင်းမွန်မှုအခြေအနေ၊ မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်မီး စနစ်တကျသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂ရက် နံနက် ၉နာရီက သန်လျင်မြို့ရှိ တိုင်းစည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်က အမှာစကားပြောကြားရာတွင် မြို့ပြသာယာလှပရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ခရိုင်ချင်းဆက်လမ်းများဆောင်ရွက်ရေး၊ ကျေးလက်အိမ်ရာ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများက မိမိတို့မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နယ်စပ်ဒေသ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၉)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီက သင်တန်းကျောင်းခန်းမဆောင်တွင်ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ပြည်နယ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများ၊ စစ်ဘက်/နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး အခြေခံစက်ချုပ်သင်တန်းသူ ၃၃ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်းသူ လေးဦး တက်ရောက်ကြသည်။

လားရှိုး

ထို့အတူ လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၉)နှင့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၃၇)သင်တန်းဖွင့်ပွဲအခမ်းအနားကိုစက်တင်ဘာ ၆ ရက် နံနက်ပိုင်းက သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အလားတူ မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၉)နှင့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၃၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက်နံနက်က သင်တန်းကျောင်းခန်းမတွင်ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တနင်္သာရီတိုင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဘားအံ

ထို့အတူ ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ် သင်တန်းအမှတ်စဉ် (၃) နှင့် အခြေခံ စက်ချုပ်သင်တန်း အမှတ်စဉ် (၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်က သင်တန်းကျောင်းခန်းမတွင် ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူး တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အလားတူ မင်းတပ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသင်တန်းဖွင့်ပွဲအခမ်းအနားကိုစက်တင်ဘာ ၆ရက်နံနက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တိုးချဲ့ဖွင့်လှစ်

ထို့အတူ မူဆယ်၊ မိုင်းဆတ်၊ တာချီလိတ်၊ လွိုင်ကော်၊ ရေး၊ မြဝတီ၊ ကော့သောင်း၊ မောင်တောမြို့များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်းနှင့် အဆင့်မြင့် စက်ချုပ်သင်တန်း၊ သင်တန်းဖွင့်ပွဲများကို သက်ဆိုင်ရာသင်တန်းကျောင်း အသီးသီး၌ စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ကြပြီး ချင်းပြည်နယ် ဖလမ်း၊ တီးတိန်၊ မတူပီနှင့် ဟားခါး အိမ်တွင်းမှု သင်တန်းကျောင်းများ၏ သင်တန်းများကိုလည်း စက်တင်ဘာ ၆ ရက်က တစ်ပြိုင်တည်းဖွင့်လှစ်ကြကြောင်းနှင့် ဟားခါး၊ မင်းတပ် နှင့် ဖလမ်းအိမ်တွင်းမှုကျောင်းများ၌ ယခုသင်တန်းအမှတ်စဉ်မှစ၍ အခြေခံစက်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲ သင်တန်းများအပြင် အခြေခံရက်ကန်းသင်တန်းနှင့်ကနုကမာကျောက်စီ ပန်းချီ သင်တန်းများကိုတိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်လယ်မင်းသား အဆင့်မြင့်ရုံသုံးရုံတွင်အပြိုင်ဝင် အပြောင်းအလဲဇာတ်ကား ရွှေ့ဆောင်နှင့် နေပြည်တော်၌ ဆက်လက်ပြသ

ရန်ကုန် စက်တင်ဘာ ၉

ဇာတ်လမ်းနှင့်ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ 'ပင်လယ်မင်းသား' ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ယနေ့ ရုံဝင်လာသည်။

ကုမ္ပဏီက အလုပ်ထွက်လာသော မြတ်မင်းနှင့် ယောက်ျားတစ်ယောက်၏ မာနကိုပြချင်သော ရာဇာတို့ မထင်မှတ်ဘဲ တစ်ခရီးတည်းသွား ခရီးဖော်ဖြစ်လာကြသည်။ သူတို့ ဦးတည်ရာနေရာမှာ အချစ်ကမ်းခြေ(ခေါ်)လန်ပိကမ်းခြေဖြစ်သည်။ လန်ပိကမ်းခြေသည် သဘာဝအလှများကြွယ်ဝသောနေရာ၊ တစ်နည်းအားဖြင့် ဟိုတယ်ခရီးသွားလုပ်ငန်း အောင်မြင်နိုင်သော ပင်လယ်ကမ်းခြေဖြစ်သည်။ ယင်းကမ်းခြေတွင် မြတ်မင်းနှင့် ရာဇာ ပါလာသမျှ အရင်းအနှီးဖြင့် ဟိုတယ်တစ်ခု ဆောက်လိုက်သည်။ ဟိုတယ်ဆောက်ပြီးသည်နှင့် မူလ ဟိုတယ်လုပ်ငန်းရှင်ကြီးနှင့် နောက်မှရောက်လာသော ရတနာသွယ် ဆိုသော လုပ်ငန်းရှင်အမျိုးသမီးတို့ သုံးပွင့်ဆိုင်လုပ်ငန်းချင်းပြိုင်ကြသည်။ ထို့နောက်တွင် မာန်မာန အာဃာတတို့ ပေါင်းစပ်လိုက်သောအခါ **'ပင်လယ်မင်းသား'** ဟူသော ဇာတ်ကားဖြစ်လာသည်။

'ပင်လယ်မင်းသား'ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

"ပင်လယ်မင်းသား"တွင် လွင်မိုး၊ ရာဇာနေဝင်း၊နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်နှင့် ဆုပန်ထွာတို့ ခေါင်းဆောင်ပါဝင်ထားသည်။

အပြောင်းအလဲ

နဝဒေး၊ ရွှေ့ဆောင်၊နေပြည်တော်ရုံများတွင် လွင်မိုး၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာတို့ ခေါင်းဆောင်ပါဝင်ထားသော **'အပြောင်းအလဲ'** ဇာတ်ကား ဆက်လက်ပြသနေသည်။

မြို့မရုံတွင် အက်ဖ်တပ်ဖ်၊ ဆာရက်ရှုလဖီတို့ ခေါင်းဆောင်ပါဝင်ထားသော 'Pyaasa' ဇာတ်ကား ရုံဝင်လာသည်။ ကြီးပွားချင်သောဆူရပ်၊ ကုမ္ပဏီပိုင်ရှင် သူဌေးမလေး ရှီတဲလ်နှင့် စက်မှုဇုန်လုပ်ငန်းရှင် ပရင်ကူးမားတို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်ကားကို ရိုက်ကူး တင်ဆက်ထားသည်။

ရွှေဂုန်ရုံတွင် စကော့လူမျိုး လွတ်မြောက်ရေးတိုက်ပွဲဝင် 'Brave Heart' (ရဲရင့်နှလုံးသား) ဇာတ်ကား ရုံဝင်လာသည်။ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက် လိုသူတို့၏ တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ပုံများကို ရိုက်ကူးထားသော အော်စကာဆုရ ဇာတ်ကားဖြစ်သည်။ ။

ရွှေဂုန်ရုံဝင်လာသည့် 'Brave Heart'(ရဲရင့်နှလုံးသား) ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

'တောင်တန်းတွေနဲ့ ပင်လယ်ပြာ' ဇာတ်ကားမှ ခိုင်သင်းကြည်နှင့် စိုးမြတ်နန္ဒာ။

ရုပ်ရှင်သတင်းထောက်

တောင်တန်းတွေနဲ့ပင်လယ်ပြာ မကြာမီရုံဝင်လာမည်

မောင်မြတ်ဆွေ၏ဇာတ်ညွှန်းကို ဒါရိုက်တာသိန်းဟန်ရိုက်ကူးသည့် 'တောင်တန်းတွေနဲ့ ပင်လယ်ပြာ' ဇာတ်ကား မကြာမီရုံဝင်လာမည်ဖြစ်သည်။ 'တောင်တန်းတွေနဲ့ ပင်လယ်ပြာ'တွင် ဒွေး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်နှင့် သတိုးစောတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ကယ်သူမဲ့ကျွန်းပေါ် စက်လှေပျက်ပြီး ရောက်သွားသူတို့အကြောင်း ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။ ။ (မြန်မာ့အလင်း)

ဥရောပဇုန်ခြေစစ်ပွဲ ဒုတိယမြောက်ပွဲစဉ်များ အင်္ဂလန်၊ ပြင်သစ်၊ အီတလီနှင့် ပေါ်တူဂီတို့ အနိုင်ရ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ ဥရောပဇုန်အသင်းများ၏ ဒုတိယမြောက်ပွဲစဉ်များကို စက်တင်ဘာ ၈ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်အသင်းက ပိုလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင် ရပြီး ပေါ်တူဂီ၊ နယ်သာလန်၊ အီတလီ၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ပြင်သစ်၊ လတ်ဗီးယား၊ ယူကရိန်း၊ သြစတြီးယား၊ အစ္စရေး၊ လစ်သူယေးနီးယားတို့ အနိုင်ရရှိခဲ့ကြသည်။

ပိုလန်နှင့်အင်္ဂလန်

ဥရောပဇုန်အုပ်စု(၆)မှ အသင်းများဖြစ်ပြီး အင်္ဂလန်အသင်းသည် ခြေစစ်ပွဲ ပထမပွဲစဉ် သြစတြီးယားနှင့် နှစ်ဂိုးစီ သရေကျခဲ့ပြီး တစ်မှတ်သာ ရရှိနေသဖြင့် ယခုပွဲ ပိုလန်ကို အနိုင်ကစားရန် ကြိုးဝါးထားရာ အနိုင်ရအောင်လည်း ကစားခဲ့သည်။

အင်္ဂလန်နှင့် ပိုလန်တို့ပွဲကို ပိုလန်နိုင်ငံချော့ဇော်မြို့၌ စက်တင်ဘာ ၈ ရက်က ယှဉ်ပြိုင်ကစားရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် အီတလီမှ စတီဖာနိုဖာရီနာက ဆောင်ရွက်ပေးသည်။ အင်္ဂလန်အသင်းတွင် ဒေးဗစ်ဘက်ဟမ်း၊ မိုက်ကယ်အိုဝင်၊ ဖရန့်လမ်းပတ်နှင့် စတီဗင်ဂျရတ်တို့ လူစုံတက်စုံ ပါဝင်ကစားခဲ့ကြသည်။

အင်္ဂလန်အဖွင့်ဂိုးရရှိ

ပွဲစသည်နှင့် အင်္ဂလန်အသင်းတိုက်စစ်ဆင်ကစားရာ ပွဲချိန် ၃၇ မိနစ်တွင် ဒေးဗစ်ဘက်ဟမ်း အလွတ်တည်ကန်ဘောမှတစ်ဆင့် ပိုလန်ဂိုးရှေ့သို့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ပိုလန်နောက်တန်းမှ ခေါင်းတိုက်ဖျက်ထုတ်ရာ ဒေးဗစ်ဘက်ဟမ်းထံပြန်ရောက်ပြီး ယင်းဘောလုံးကို ဒေးဗစ်ဘက်ဟမ်းက ဒီဖိုးထံထိုးပေးလိုက်ရာ ဒီဖိုးက ပိုလန်နောက်ခံလူတစ်ဦးကို လှည့်ကျော်ပြီး အပိုင်ကန်သွင်းခဲ့၍ အင်္ဂလန်တို့ အဖွင့်ဂိုး ရရှိခဲ့သည်။

ပိုလန်ချေပဂိုးရရှိ

ပိုလန်တို့ ချေပဂိုးရရှိရေးကြိုးစားရာ ပွဲချိန် ၄၈ မိနစ်တွင် ပိုလန်တိုက်စစ်မှူး ဇူရောစကီက အင်္ဂလန်နောက်ခံလူနှစ်ဦးကို ကျော်ဖြတ်ကာ အင်္ဂလန်ဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

အင်္ဂလန်အနိုင်ရ

အင်္ဂလန်တို့ အနိုင်ဂိုးရရှိရေး အပြင်းအထန်ကြိုးစားရာ ပွဲချိန် ၅၇ မိနစ်တွင် ဂျရတ်ဘောလုံးရလာပြီး အက်ရှ်လေကိုးကို လှမ်းပေးရာမှ အက်ရှ်လေကိုးက ပိုလန်ဂိုးရှေ့ ဖြတ်တင်သည့် ယင်းဘောလုံးကို မိုက်ကယ်အိုဝင် ကန်သွင်းရာ ပိုလန်နောက်ခံလူဂလောဝက်ကီ ဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် အင်္ဂလန်တို့ ဒုတိယဂိုး ရရှိပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်း ဖြစ်သည်။

အင်္ဂလန်တို့ ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲကစားပြီး လေးမှတ်ရကာ ဥရောပဇုန်အုပ်စု(၆) ဒုတိယနေရာ ရရှိသွားသည်။ ပိုလန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ဖြင့် အုပ်စု(၆) တတိယနေရာ၌ရှိနေသည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်အသင်းများ ဒုတိယပွဲစဉ်အဖြစ် ပေါ်တူဂီနှင့် အက်စ်တိုးနီးယားအသင်းတို့ စက်တင်ဘာ ၈ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ပေါ်တူဂီအသင်းမှ ဒေကို(အလယ်) ထိုးဖောက် ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီနှင့် အက်စ်တိုးနီးယား

ဥရောပဇုန် အုပ်စု(၃)မှ ပေါ်တူဂီနှင့် အက်စ်တိုးနီးယားတို့ ခြေစစ်ပွဲကို ပေါ်တူဂီနိုင်ငံ လိုင်ရီရာမြို့၌ စက်တင်ဘာ ၈ ရက်က ယှဉ်ပြိုင်ကစားရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် တူနီးရှားနိုင်ငံမှ ဘူလန့်ဒီမီရာလက်က ဆောင်ရွက်သည်။

ပေါ်တူဂီနှင့် အက်စ်တိုးနီးယားတို့မှာ ခြေအဆင့်အတန်းချင်း ကွာခြားလှသဖြင့် အိမ်ရှင်ဟူသော အားသာချက်ပါ ထပ်မံအားဖြည့်လိုက်သဖြင့် ပေါ်တူဂီတို့က အက်စ်တိုးနီးယားကို အပေါ်စီးမှ စိတ်ကြိုက်ကစားသွားနိုင်ခဲ့သည်။ သို့သော် ပေါ်တူဂီတို့ ကစားကွက် စိတ်ကြိုက်တည်ကစားနိုင်ခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ပေါ်တူဂီတို့ ဂိုးကံခေနေခဲ့သည်။

ပေါ်တူဂီအနိုင်ရ

အက်စ်တိုးနီးယားတို့က ပွဲချိန် ပထမပိုင်းတွင် ခံစစ်အားပြုကာ ကစားခဲ့သဖြင့် ပေါ်တူဂီတိုက်စစ်မှူးများဖြစ်သည့် ရိုနယ်ဒို၊ ပို့စ်တီဂါတို့ ဂိုးမသွင်းနိုင်ဘဲရှိရာမှ ပွဲချိန် ၇၅မိနစ်တွင် ရိုနယ်ဒိုက ပေါ်တူဂီအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး၊ ပွဲချိန် ၈၄မိနစ်တွင် ဟယ်ဒါပို့စ်တီဂါက တစ်ဂိုး၊ ပွဲချိန် ၈၇မိနစ်တွင် ပီဒရိုပေါ်လက်တာက တစ်ဂိုး၊ ပွဲချိန်မိနစ် ၉၀တွင် ဟယ်ဒါပို့စ်တီဂါက တစ်ဂိုး ဆက်တိုက်သွင်းယူခဲ့ရာမှ ပေါ်တူဂီတို့ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းသည် ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စု (၃) ဒုတိယနေရာ၌ ရှိနေပြီး အက်စ်တိုးနီးယားမှာ သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးပြီး ခြောက်မှတ်ရကာ အုပ်စု (၃) တတိယနေရာ၌ ရပ်တည်နေသည်။

နယ်သာလန်နှင့်ချက်

ဥရောပဇုန် အုပ်စု(၁)မှ နယ်သာလန်နှင့် ချက်အသင်းတို့ ခြေစစ်ပွဲကို နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၌ စက်တင်ဘာ ၈ ရက်က ယှဉ်ပြိုင်ကစားကြသည်။ပွဲစသည်နှင့် နယ်သာလန်တို့က အလယ်တန်းကစားကွက်ကိုစိုးမိုးကာ အဂ္ဂါဒေးဗစ်၏ ဘောလုံးဖြန့်ဝေပေးမှုများကြောင့် ဒိုင်ဂုတ်၊ဘော်လာရစ်နှင့် ရှိုင်မက်ကေးတို့က ပိုမိုထိုးဖောက်ကစားနိုင်ရာ ပွဲချိန် ၃၃မိနစ်တွင် ဗင်ဟိုဒွန်က အဖွင့်ဂိုးသွင်းယူ ပေးနိုင်ခဲ့သည်။

ကာကွယ်နိုင်

ချက်တို့ ချေပဂိုးရရှိရေး တိုက်စစ်ဆင်ကစားသော်လည်း နယ်သာလန် နောက်တန်းနှင့် ဂိုးသမား ဗန်ဒါဆားတို့ကာကွယ်နိုင်မှုများကြောင့် ဂိုးမရရှိခဲ့ပေ။ ချက်အသင်း အနိုင်ရရှိရေး အားထည့်ကြိုးစားကစားမှုများကြောင့် အဝင်အထွက်များကြမ်းသလိုဖြစ်ကာ ပွဲချိန် ၅၆ မိနစ်နှင့် ၈၅ မိနစ်တို့တွင် ချက်အသင်းမှ ဟိန့်ဇ်နှင့် တိုမက်ဇ်တို့ အဝါကတ်ပြ သတိပေးခံရသည်။

နယ်သာလန်အနိုင်ရ

ပွဲချိန် ၈၄မိနစ်တွင် နယ်သာလန်မှ ဗင်ဟိုဒွန်ကပင် ဒုတိယဂိုးသွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ရာ နယ်သာလန်တို့ တစ်ပွဲကစား၊ တစ်ပွဲနိုင်သုံးမှတ်ဖြင့် အုပ်စု(၁) စတုတ္ထနေရာ၌ ရှိနေပြီး ချက်အသင်းမှာ တစ်ပွဲကစား တစ်ပွဲရှုံး အမှတ်မရသေးဘဲအုပ်စု(၁) ပဉ္စမနေရာ၌ ရှိနေသည်။

ဖာရိုးကျွန်းစုနှင့် ပြင်သစ်

ဥရောပဇုန်အုပ်စု(၄)မှ ဖာရိုးကျွန်းစုအသင်းနှင့် နာမည်ကြီးပြင်သစ်အသင်းတို့ ခြေစစ်ပွဲကို ဖာရိုးကျွန်းစုရှိ တော်ရှန်မြို့တွင် စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့ရာ ယင်းပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် စကော့တလန်နိုင်ငံမှ ကရင်းသွန်ဆင်က ဆောင်ရွက်သည်။

ပြင်သစ်အသင်းသည် ပြီးခဲ့သည့် စက်တင်ဘာ ၄ရက်က ခြေစစ်ပွဲအဖြစ်အစ္စရေးနှင့်အိမ်ကွင်းတွင်ကစားခဲ့ရာ သရေကျခဲ့သဖြင့် ဖိအားပေးခြင်းခံနေရရာ ယခုအဝေးကွင်း၌အနိုင်ရအောင် ကစားခဲ့ရသည်။ သို့သော် ပြင်သစ်နှင့်ဖာရိုးကျွန်းစုတို့မှာခြေစွမ်းချင်း ကွာလွန်းလှသော်လည်း ပွဲချိန် ၃၆ မိနစ်ထိတိုင်အောင် ပြင်သစ်တို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

နှစ်ဝါတစ်နီ

ပြင်သစ်အသင်းတွင် ဆာဟာ၊ ပီရက်စ်၊ ဆစ်ဆီတို့ပါဝင်ကစားကာ ဂိုးရရှိရေးကြိုးစားရာပွဲချိန် ၃၇ မိနစ်တွင် ပြင်သစ်မှဂူလီက တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့နောက် ဂိုးရရှိရေး ထပ်မံကြိုးစားရာမှပွဲချိန် ၅၅မိနစ်တွင် ပြင်သစ်မှဗီယာရာအဝင်ကြမ်းမှုကြောင့် နှစ်ဝါတစ်နီထိကာ ထွက်ခဲ့ရသဖြင့် ပြင်သစ်တို့ ၁၀ဦးတည်းဖြင့်ကစားခဲ့ရသည်။

ပြင်သစ်အနိုင်ရ

၁၀ဦးတည်းဖြင့် ကစားနေသောပြင်သစ်အသင်းမှာ ကစားအားမကျဘဲရှိရာ ပွဲချိန် ၇၃ မိနစ်တွင် ပြင်သစ်မှဆစ်ဆီကပြင်သစ်အတွက် ဒုတိယဂိုး သွင်းယူပေးနိုင်ခဲ့သဖြင့် ပြင်သစ်တို့နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိခဲ့သဖြင့်ပြင်သစ်အသင်းသည် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ဖြင့် အုပ်စု (၄) တတိယနေရာ၌ရှိနေသည်။

အီတလီနှင့်မော်ဒိုဗာ

ဥရောပဇုန်အုပ်စု (၅) မှအီတလီနှင့်မော်ဒိုဗာတို့ခြေစစ်ပွဲကို မော်ဒိုဗာနိုင်ငံ ချီစီနူမြို့၌ စက်တင်ဘာ ၈ရက်က ယှဉ်ပြိုင်ကစားရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ချက်နိုင်ငံမှ မီချယ်ဘီနက်စ်က ဆောင်ရွက်သည်။

အီတလီအနိုင်ရ

အီတလီအသင်းသည် မော်ဒိုဗာအသင်းကိုခြေအသာဖြင့် ကစားနိုင်သော်လည်း ဂိုးပြတ်မသွင်းနိုင်ခဲ့ပေ။ မော်ဒိုဗာတို့ကခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်ဆင်ကစားမှုများက အီတလီနောက်တန်းကို အကြိမ်အတော်များများ ခြိမ်းခြောက်နိုင်ခဲ့သည်။ အီတလီအတွက်အနိုင်ဂိုးကို ပွဲချိန် ၃၇ မိနစ်တွင်ဒယ်ပီယာရိုက သွင်းယူပေးခဲ့ပြီးထပ်မံဂိုးမသွင်းနိုင်ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အီတလီအသင်း ယခုပွဲအနိုင်ရရှိသဖြင့် နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စု(၅) ထိပ်ဆုံးနေရာတွင် ရပ်တည်နေပြီး မော်ဒိုဗာမှာ နှစ်ပွဲကစား၊ နှစ်ပွဲရှုံးကာ အောက်ဆုံးနေရာ၌ ရှိနေသည်။

၂၀၀၆ခုနှစ်ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲများကို စက်တင်ဘာ ၈ ရက်က ကစားခဲ့ရာ ဥရောပဘောလုံးထိပ်တန်းအသင်းကြီးများ နိုင်ပွဲများရရှိကာ ခြေစစ်ပွဲအောင်ရန် အလားအလာ ကောင်းလျက်ရှိကြသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ကမ္ဘာ့ဖလားအိမ်ရှင်ဂျာမနီအသင်း ကမ္ဘာ့ဖလားပိုင်ရှင်ဘရာဇီးကိုသရေကစားစွမ်းရည်ပြ

ဘာလင် စက်တင်ဘာ ၉

ဂျာမနီဘောလုံးအသင်းနှင့် ဘရာဇီးဘောလုံးအသင်းတို့သည် ဗုဒ္ဓဟူးနေ့က ဂျာမနီနိုင်ငံ၌ ချစ်ကြည်ရေးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာတွင် ဂျာမနီအသင်းက ကမ္ဘာ့ချန်ပီယံကို တစ်ဖက်တစ်ဂိုးစီသရေကျအောင် ယှဉ်ပြိုင်လိုက်ခြင်းဖြင့် ကမ္ဘာ့ဖလားကျင်းပမည့် ဂျာမနီသည် ၎င်း၏ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကို ပြသလိုက်သည်။

ဘရာဇီး ကွင်းလယ်ကစားသမားရော်နယ်ဒင်ဟိုက ပထမပိုင်း ၉ မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် တစ်ဂိုးသွင်းယူသွားသည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားတွင် ဘရာဇီးက ဂျာမနီကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဂျာမနီတိုက်စစ်မှူး ကီဗင်ကာရန်ရီက ရှစ်မိနစ်ကြာပြီးနောက် ချေပဂိုးသွင်းလိုက်ချိန်တွင် ဘာလင်မြို့၌ ပြန်လည်ပြုပြင်ထားသည့် အိုလံပစ်အားကစားကွင်းကြီးထဲရှိ ၇၀၀၀၀ခန့်သော ဂျာမန်ဘောလုံးပရိသတ်တို့ အုန်းအုန်းကျွက်ကျွက် အားပေးခဲ့ကြသည်။

နှစ်ဖက်လုံးမှ ရလဒ်များနှင့် ကစားကွက်များသည် ယူရို ၂၀၀၄ အုပ်စုအဆင့်မှ ထွက်ခဲ့ရသော ဂျာမနီအသင်း၏နည်းပြသစ်ကလင်းစမန်းအဖို့ အားတက်စေခဲ့သည်။ ဂျာမနီအသင်းသည် ပြီးခဲ့သည့်လက သြစတြီးယားအသင်းနှင့် ဗီယင်နာမြို့၌ ကစားသည့် ပွဲတွင်လည်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အဆိုပါ ချစ်ကြည်ရေးပြိုင်ပွဲများသည် ဂျာမနီအသင်းကို ပုံဖော်နေခြင်းဖြစ်ပြီး ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားအောင်နိုင်ရေးအတွက် ချစ်ကြည်ရေးပွဲများဖြင့် ခြေစွမ်းကို မြှင့်တင်လျက်ရှိသည်။

ကလင်းစမန်း၏ မျှော်လင့်ချက်များကို ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်းအောင်နိုင်ရေး အကောင်အထည်ဖော်နိုင်ရန် ဂျာမနီအသင်းက ကြိုးစားလျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ

ဂျာမနီနောက်တန်းလူ ဖရန့်ဖာရင်ဟော့စ်(ဝဲ)နှင့် ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနိုတို့ ဘောလုံးယှဉ်လုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲ အနိုင်အရှုံး

ချော့ဇော(ပိုလန်) စက်တင်ဘာ ၉

၂၀၀၆ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်များအဖြစ် ကမ္ဘာတစ်ဝန်းဇုန်များအလိုက် ကျင်းပခဲ့ရာ စက်တင်ဘာ ၈ရက်က ဥရောပဇုန်ဘောလုံးအသင်းများ၏ အနိုင်အရှုံးမှာ အောက်ပါအတိုင်း ဖြစ်သည်။

အင်္ဂလန်	၂	–	၁	ပိုလန်
စပိန်	၁	–	၁	ဘော့စနီးယား
အီတလီ	၁	–	၀	မော်ဒိုဗာ
နယ်သာလန်	၂	–	၀	ချက်
ခရိုအေးရှား	၁	–	၀	ဆွီဒင်
အာမေးနီးယား	၀	–	၂	ဖင်လန်
အင်ဒိုရာ	၁	–	၅	ရိုမေးနီးယား
ကာဇက်စတန်	၁	–	၂	ယူကရိန်း
ဂျော်ဂျီယာ	၂	–	၀	အယ်လ်ဘေးနီးယား
ဂရိ	၀	–	၀	တူရကီ
ပေါ်တူဂီ	၄	–	၀	အက်စ်တိုးနီးယား
ပြင်သစ်	၂	–	၀	ဖာရိုးကျွန်းစု
အစ္စရေး	၂	–	၁	ဆိုက်ပရပ်စ်
ဆွစ်ဇာလန်	၁	–	၁	အိုင်ယာလန်
နော်ဝေး	၁	–	၁	ဘီလာရုစ်
သြစတြီးယား	၂	–	၀	အဇာဘိုင်ဂျန်
ဝေလ	၂	–	၂	မြောက်အိုင်ယာလန်
လစ်သူယေးနီးယား	၄	–	၀	ဆန်မာရီနို
ဟန်ဂေရီ	၃	–	၂	အိုက်စလန်
လူဇင်ဘတ်	၃	–	၄	လတ်ဗီးယား
စလိုဗက်ကီးယား	၇	–	၀	လက်ချင်စတိန်း
စကော့တလန်	၀	–	၀	စလိုဗေးနီးယား

အမ်အင်အေ၊ ရိုက်တာ

အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်ကောက်နုတ်ချက်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၉

၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရွတ်ဆိုပူဇော်ရမည့် အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်ကောက်နုတ်ချက်များ မင်းကွန်းတိပိဋက ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ် ရေးသားချီးမြှင့်သည့် အဘိဓမ္မာ အခါတော်နေ့ ကျူးရင့်သံစာအုပ်များကို ဒုတိယအကြိမ်အဖြစ် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ အဘိဓမ္မာအသင်းခွဲများ၊ ဓမ္မစကြာနှင့် ဘာသာရေးအသင်းခွဲများသို့ ပေးပို့ပြီးဖြစ်ရာ သက်ဆိုင်ရာမြို့နယ်၊ ဆက်သွယ်ရေးစခန်း(စာတိုက်)များနှင့်ဆက်သွယ်ရယူကြပါရန် ဆူးလေစေတီတော်အဘိဓမ္မာပြန့်ပွားရေးအသင်းက နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ဝိနယာနုဂ္ဂဟအသင်းဝါဆိုကဆိန်းကပ်လှူမည်

ရန်ကုန် စက်တင်ဘာ ၉

ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နာယကဆရာတော်ကြီးများ ကြီးမှူးသော ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၇၃)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ အကြို ဩဝါဒခံယူပွဲကို စက်တင်ဘာ ၁၁ရက် (စနေနေ့) ညနေ ၃နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ကပ်လှူကုသိုလ်ယူနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ကုန်သည်/စက်မှုဗဟိုအလုပ်အမှုဆောင် ထိုင်းနိုင်ငံထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်(တော်ဝင်ထွန်းကုမ္ပဏီ) **(အပေါ်ပုံ)**သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် The First Meeting of Task Force to Review the Sectors and Sup-Sectors for Economic Cooperation Under BIMSTED အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ အလုပ်အမှုဆောင် ဦးတင်မြင့်နှင့်တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွံတေးကျောင်းတိုက်ဝါတွင်းတရားပွဲ

ရန်ကုန် စက်တင်ဘာ ၉

မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက် အာသာဝတီတိုက် တွံတေးသာသနာပြု ကျောင်းတိုက်အတွင်း မြလေးနှယ် ဆုတောင်းပြည့် စေတီရင်ပြင် ဓမ္မာရုံတွင် ဝါတွင်းတရားပွဲများနှင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်မည် ဖြစ်သည်။

ဝါတွင်း ဥပုသ်ဆောက်တည်ကြသော ယောဂီများအား နံနက်စာ အာဟာရများ ကျွေးမွေး ညှော်ခံပြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်ရပ်ရှိ ကာယစိတ္တသုခ ကျောင်းတိုက်မှ ပဓာနနာယက ဘဒ္ဒန္တပညာသိဒ္ဓဆရာတော်၏ မေတ္တာရေစင်များ ပေးဝေပြီး ဝါခေါင်လကွယ်နေ့တွင် အဘိဓဇ မဟာရဋ္ဌဂုရု အောင်မြေဘုံစံကျောင်း နိုင်ငံတော် သံဃမဟာနာယကဒုတိယ ဥက္ကဋ္ဌဘဒ္ဒန္တပညာဘိဝံသ၊ တော်သလင်းလပြည့်နေ့တွင် မိုးကုတ်အဖွဲ့ချုပ် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇနိတ ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားတော်များ ဟောကြားကြမည်ဟုသိရသည်။ **(က-ပ)**





၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်)
မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
အတီးဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သောသီချင်းများ

(ယမန်နေ့ကအဆက်)

မယ်ဒလင်ပြိုင်ပွဲအတွက်ရွေးချယ်ထားသောသီချင်းများ

၁။ **ပညာရှင်အဆင့်**
(က) စိန်ကြောင်နီလာ (ပတ်ပျိုး)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) မန်းတောင်လက်ယာ (ယိုးဒယား)
(ဃ) တောဟောဝန်လယ် (ယိုးဒယား)
(င) ရွှန်းရွှန်းမြ (သီချင်းခံ)
(စ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဆ) မန္တလာဘုံ (ဘွဲ့)
(ဇ) ရွှေနန်းအောင်ချာ (ကြိုး)

၂။ **ဝါသနာရှင်အဆင့်**
(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) သိကြားသာသနာ (ခေတ်ဟောင်းကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**
(က) ဟောဝန်မြိုင်လမ်း (ယိုးဒယား)
(ခ) ဇေယျာအောင်ချာ (ကြိုး)
(ဂ) သုဝဏ္ဏာသျှံ (ကာလပေါ်)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**
(က) တောင်တောသာယာ (ယိုးဒယား)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) ပါရမီတော် (ကာလပေါ်)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**
(က) တောနှင့်တောင်စွယ် (ယိုးဒယား)
(ခ) မှိုင်းရိပ်ကယ်တည့် (ကြိုး)
(ဂ) သာသနာ့ဒါယကာ (ကာလပေါ်)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**
(က) ဇေယျာမြို့ (ကြိုး)
(ခ) စံရာတောင်ကျွန်း (ကြိုး)
(ဂ) လုလင်ငယ်သွေး (ကာလပေါ်)

ဂီတာပြိုင်ပွဲအတွက် ရွေးချယ်ထားသော သီချင်းများ

၁။ **ပညာရှင်အဆင့်**
(က) ချစ်သမျှကို (ပတ်ပျိုး)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
(ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(င) ထောင်ရောင်နေကသာ (သီချင်းခံ)
(စ) မင်္ဂလာသီရိ (ဘွဲ့)
(ဆ) ခိုင်ပန်းစုံမှုန်မာလာ (ယိုးဒယား)
(ဇ) မန်းတောင်လက်ယာ (ယိုးဒယား)

၂။ **ဝါသနာရှင်အဆင့်**
(က) ထူးမခြားနား (သီချင်းခံ)
(ခ) ပန်းဟောဝန် (ယိုးဒယား)
(ဂ) ဆုထူးရွယ် (ကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**
(က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
(ခ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) အန္တရာယ်ကင်း (ကာလပေါ်)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**
(က) ထောင်ရောင်နေ မှောင်မှောင်ခြွေ (ကြိုး)
(ခ) ဟောဝန်မြိုင်လမ်း (ယိုးဒယား)
(ဂ) မိဘမေတ္တာ (ကာလပေါ်)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**
(က) လူမနော (ပတ်ပျိုး)
(ခ) နှုန်းနှန်းထောက်စာ (ကြိုး)
(ဂ) ရောင်တော်ဖွင့် (ကာလပေါ်)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**
(က) သာယာ (ကြိုး)
(ခ) ဝေဘာဂီရိ (ကြိုး)
(ဂ) ရွှေပဇ္ဇုန် (ကာလပေါ်)

ဒုံမင်းပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ **ပညာရှင်အဆင့်**
(က) ပပဝင်းဝင်း (ပတ်ပျိုး)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) မြန်ချာမြေကို (ပတ်ပျိုး)
(ဃ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(င) သာတင့်ဆုံး (ယိုးဒယား)
(စ) မန်းတောင်လက်ယာ (ယိုးဒယား)
(ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဇ) မာရဝိဇယ (ဘွဲ့)

၂။ **ဝါသနာရှင်အဆင့်**
(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) အောင်ခြင်းရှစ်ပါး (ကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**
(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) မင်္ဂလာတဆယ့်နှစ်ပါး (ကာလပေါ်)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**
(က) မင်းလမ်းစပ်ကာ (ကြိုး)
(ခ) တောင်တောသာယာ (ယိုးဒယား)
(ဂ) ကျေးစေတမန် (ကာလပေါ်)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**
(က) အတိုင်းမသိမင်္ဂလာကျက်သရေ (ဘွဲ့)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) ဖုတ်သွင်းရထား (ကာလပေါ်)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**
(က) ထံတျာတေရှင် (ကြိုး)
(ခ) သာယာ (ကြိုး)
(ဂ) ရွှေပဇ္ဇုန် (ကာလပေါ်)

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❒ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရေး။
- ❒ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❒ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❒ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❒ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❒ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် သံဃာတော်များ အရုဏ်ဆွမ်းကပ်ရန် ငွေလှူဒါန်း

ပြည် စက်တင်ဘာ ၁

ရန်ကုန်မြို့ အမှတ် ၅၄ အင်းလျားမြိုင်လမ်းနေ ညွှန့်ထရေးဒင်း အင်တာပရိုက်စ် လုပ်ငန်းပိုင်ရှင် ဦးကျော်ညွှန့်က ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့တွင် ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ စာချ၊ စာသင်သံဃာတော်၅၀၀ကျော်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ပြီး **(အပေါ်ပုံ)** နေ့စဉ်တစ်နေ့လျှင် ကျပ်တစ်သောင်းငါးထောင်နှုန်းဖြင့် အရုဏ်ဆွမ်းဟင်းဆက်ကပ်လှူဒါန်းရန် ဝတ္ထုငွေကျပ်၂၂၄၀၀၀၀ ပထမအကြိမ်လှူဒါန်းပွဲကိုပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပသည်။

ယင်းလှူဒါန်းပွဲတွင် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သူရဓဇ သဒ္ဓမ္မဝံသပတိဋ္ဌာပက ဓမ္မာစရိယသာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဒီဃဘာဏက၊ ပရိယတ္တိသာသနဟိတဒီဃနိကာယဘာဏက၊ ပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ တိုင်းသံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်က အနု မောဒနာတရားဟောကြားကြောင်းသိရသည်။**(က-ပ)**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး အင်ဂျင်နီယာများနှင့်တွေ့ဆုံ ခရိုင်နှင့် မြို့နယ်အတွင်းဆောင်ရွက်သောလုပ်ငန်းများပြီးစီးရေးမှာကြား

မြစ်ကြီးနား စက်တင်ဘာ ၈

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရှိ အင်ဂျင်နီယာများနှင့်တွေ့ဆုံပွဲ ကိုစက်တင်ဘာ ၆ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တိုင်းမှူးအား မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်နှင့် ပူတာအိုခရိုင် အင်ဂျင်နီယာမှူးများက မိမိတို့ခရိုင်နှင့် မြို့နယ်အတွင်း တာဝန်ယူဆောင်ရွက်သော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ တံတားအထူးအဖွဲ့ (၁၅)၊ တံတားအထူးအဖွဲ့ (၁၆)နှင့် လမ်းအထူးအဖွဲ့ (၆)တို့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာမှူးများက မိမိတို့ဒေသအတွင်း တာဝန်ယူဆောင်ရွက်သောလမ်းနှင့်တံတားများတည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ဆဲနှင့် လုပ်ငန်းစီမံချက်များကို မြေပုံကားချပ်၊ စာရင်းဇယားများဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆောင်ရွက်ပေး

ထို့နောက် ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးသန်းညွှန့်ဝင်းက တင်ပြချက်များကို ခြုံငုံသုံးသပ်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းတင်ပြရာ တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်း သိရသည်။

(က-ပ)

ပျဉ်းမနားမြို့ အထက (၁)နှစ်ပတ်လည် မိဘဆရာအသင်း ဆုနှင်းသဘင် အခမ်းအနားကို ဩဂုတ် ၂၁ရက်က ကျင်းပရာ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်တေဇာဝေယံအား ကျောင်းအုပ်ဆရာကြီးဦးစိုးလှိုင်က ဂုဏ်ပြုဆုပေးအပ်စဉ်။ (ဝ၉၉)

ပရီးမီးယားလိဂ်ပွဲစဉ်(၅) ဆက်လက်ယှဉ်ပြိုင်ကစားမည် အာဆင်နယ်နှင့်ချယ်လ်ဆီးက မန်ယူကိုခုနစ်မှတ်ဖြတ်ထားပြီ

ရန်ကုန် စက်တင်ဘာ ၉

အင်္ဂလန်ပရီးမီးယားလိဂ်ပွဲစဉ်များကို ကမ္ဘာ့ဖလားခြေစစ်ပွဲများရှိ၍ ခေတ္တရပ်နားထားခဲ့ရာမှ စက်တင်ဘာ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်များတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပရီးမီးယားလိဂ်ပွဲစဉ်(၅)အဖြစ် စက်တင်ဘာ ၁၁ ရက်၌ ရှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ရက်နှင့် ၁၃ ရက်တွင် တစ်ပွဲစီယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယခုအပတ်ပွဲစဉ်များ၌ ချယ်လ်ဆီး၊ အာဆင်နယ်နှင့်မန်ယူတို့ အဝေးကွင်းပွဲများကစားရမည်ဖြစ်ရာ အမှတ်ပြည့်ရရန် ခက်ခက်ခဲခဲကစားရဖွယ်ရှိသည်။ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသော အာဆင်နယ်နှင့် ချယ်လ်ဆီးက မန်ယူအား ခုနစ်မှတ် ဖြတ်ထားပြီဖြစ်ရာ မန်ယူအနေဖြင့် ယခုအပတ်၌ အနိုင်မရခဲ့လျှင် ချန်ပီယံဆုနှင့် ဝေးသည်ထက်ဝေးသွားမည်ဖြစ်သည်။

ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ မန်ချက်စတာယူနိုက်တက်နှင့် နော့ဝစ်ချ်တို့ပွဲတွင် မန်ချက်စတာတိုက်စစ်မှူး အလန်စမစ် ဂိုးဧရိယာအစပ်မှ ဘယ်ခြေဖြင့် ကန်သွင်းစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အက်စတွန်ဗီလာနှင့်ချယ်လ်ဆီး

အိမ်ကွင်းရှုံးပွဲမရှိသေးသော အက်စတွန်ဗီလာက ဗီလာပတ်၌ ချယ်လ်ဆီးကို ဧည့်ခံကစားရမည်ဖြစ်ရာ ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။ လေးပွဲဆက်တိုက်နိုင်ပွဲရထားသော ချယ်လ်ဆီး၏ ခြေစွမ်းကို စမ်းသပ်ရမည့်အနေအထားဖြစ်သည်။ နည်းပြ မော်ရင်ဟိုအနေဖြင့်ပွတ်ကာသီကာပဲဖြစ်စေ ယခုပွဲမှ သုံးမှတ်အပြည့် ယူနိုင်ခဲ့လျှင် အမှန်တကယ် ချန်ပီယံဆုမှန်းနိုင်ပြီ ဖြစ်သည်။

အက်စတွန်ဗီလာက ဆောက်သမ်တန်ကို နှစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်ကို လေးဂိုး-နှစ်ဂိုးဖြင့် အိမ်ကွင်း၌ ခြေစွမ်းပြကစားပြီး အနိုင်ယူခဲ့ရာ ချယ်လ်ဆီးကို လည်း အသင်းကြီးဆိုပြီး ရှိန်နေမည်မဟုတ်ပေ။ နယူးကာဆယ်နည်းပြကြီး ဆာဘော်ဘီရော့ဆင် အထုတ်ခံရလောက်အောင်ပင် အက်စတွန်ဗီလာက ခြေစွမ်းပြနိုင်ခဲ့ပြီဖြစ်ရာ မော်ရင်ဟို၏ အပြောကြီးနေမှု ရပ်တန့်သွားအောင် လုပ်နိုင်မလား စိတ်ဝင်စားစရာပင်ဖြစ်သည်။ ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာ ဂိုးသွင်းလာနိုင်မှုက ထည့်တွက်ရမည့်အချက်တစ်ခု ဖြစ်သည်။ ဗီလာပတ်၌ ဒရော့ဘာ ခြေစွမ်းပြမည်ဆိုလျှင် အနိုင်ရရန် မခက်ပေ။ ချယ်လ်ဆီးတို့ ခက်ခက်ခဲခဲ ကစားပြီး ပွတ်ကာသီကာ နိုင်သွားဦးမည်ဟု ထင်မိသည်။ အက်စတွန်ဗီလာနှင့် ချယ်လ်ဆီးပွဲကို စက်တင်ဘာ ၁၁ရက် မြန်မာစံတော်ချိန် ညနေ ၆နာရီ ၁၅မိနစ်၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ဘော်လတန်နှင့်မန်ယူ

စက်တင်ဘာ ၁၁ရက်ပွဲစဉ်များ၌ ဘော်လတန်နှင့် မန်ယူပွဲလည်း အကြိတ်အနယ် ရှိမည်ဖြစ်သည်။ လေးပွဲကစား သုံးပွဲနိုင် တစ်ပွဲရှုံး (၉)မှတ် ဖြင့် တတိယနေရာ၌ ရပ်တည်နေသော ဘော်လတန်ကို မန်ယူတို့ အဝေးကွင်း၌ ရင်ဆိုင်ရမည်ဖြစ်ရာ တစ်မှတ်နှင့်သာ ကျေနပ်ရဦးမည့် အနေအထားပင် ဖြစ်သည်။ အဲဗာတန်နှင့် ဘလက်ဘန်းတို့ကိုပင် သရေနှင့် ကျေနပ်ခဲ့ရသော မန်ယူခြေစွမ်းအရ ဘော်လတန်တို့ထံမှ တစ်မှတ်ဆိုလျှင်ပင် ကျေနပ်ရမည်ဖြစ်သည်။ မန်ယူက ဝိန်းရူနီကိုအားဖြည့်ထားပြီး ဖြစ်သော်လည်း ယခုပွဲ၌ ပါဝင်နိုင်ဦးမည် မဟုတ်ပေ။

ဘော်လတန်တို့၏ အိမ်ကွင်းမာကျောမှုကို လီဗာပူးနည်းပြ ဘင်နီတက်ဇ်ပင် လက်မြှောက် အရှုံးပေးခဲ့ရပြီဖြစ်သည်။ ယမန်နှစ် ဆုံတွေ့ခဲ့မှု၌ ဘော်လတန်ကွင်း၌ မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး မန်ယူကွင်း၌ မန်ယူက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘော်လတန်မှ ပီဒါဆန်နှင့် အိုကိုချာတို့ ခြေစွမ်းပြပြီး ဂိုးသွင်းလျက်ရှိရာ မန်ယူကို ရှုံးကြွေးဆပ်ပြမည်ဟု ထင်မိသည်။

ဖူဟမ်နှင့်အာဆင်နယ်

ဖူဟမ်ကွင်း၌ ကစားရသည်ဆိုသော်လည်း အာဆင်နယ်၏လက်ရှိ ခြေစွမ်းမှာ နိုင်ပွဲဆက်ရန် သေချာသလောက်ပင်ဖြစ်သည်။ တစ်ချိန်က မန်ယူဆို သေချာတယ် ဆိုသကဲ့သို့ ယခုအချိန်၌ အာဆင်နယ်မှ အာဆင်နယ်ဖြစ်နေသည်။ အာဆင်နယ်အသင်းလိုက်မှာ တစ်ဦးချင်းပါပြောစရာမရှိအောင် ကောင်းနေသည်။ ဖူဟမ်က လေးပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ နှစ်ပွဲရှုံးထားသည်။ ယမန်နှစ်က ဖူဟမ်ခြေစွမ်းမျိုး ပြန်မမြင်ရသေးပေ။ ယမန်နှစ်က ဆုံတွေ့မှု၌ ဖူဟမ်ကွင်းတွင် အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အာဆင်နယ်ကွင်း၌ ဂိုးမရှိသရေကျခဲ့သည်။ အာဆင်နယ်မှ ကစားသမားများ လက်ရွေးစင်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားထား၍ ပွဲပန်းသည့်အချက်တစ်ခုသာ ပြောစရာရှိသည်။ အာဆင်နယ်တိုက်စစ်မှူးအွန်နရီ လေးပွဲတွင် လေးဂိုးသွင်းပြီး ဂိုးအများဆုံးသွင်းထားသည်။ ယေးယက်စ်၊ ပီရက်နှင့် လူဟောင်းကြီးဘားကမ့်တို့ကလည်း သုံးဂိုးစီသွင်းထားကြသည်။ ကစားပြီးလေးပွဲတွင် အာဆင်နယ်တို့ ၁၆ဂိုးသွင်းယူထားရာ တိုက်စစ်အား အကောင်းဆုံးဖြစ်နေသည်။ ပွဲအပြီးတွင် အာဆင်နယ်တို့ သုံးမှတ်အပြည့်ယူပြီး ပြန်ကြဦးမည်ဖြစ်သည်။

လီဗာပူးနှင့် ဝက်စ်ဘရွန်း

စပိန်ဘောလုံးသမားတို့ပါဝင်လာသော်လည်း လီဗာပူးကစားဟန် တိုးတက်မှု မရှိလာသေးပေ။ ယခင်နည်းပြဟူလီယာ၏ ခံစစ်လုံအောင်လုပ်ပြီး တန်ပြန် တိုက်စစ်ဖြင့်ဂိုးသွင်းကာ အနိုင်ရခဲ့သည့်ပွဲများကို ပြန်မြင်ယောင်မိသေးသည်။ ဘော်လတန်ကို တစ်ဂိုးဖြင့် ကပ်ရှုံးသောပွဲတွင် လီဗာပူးကစားပုံညံ့လွန်းလှသည်။ စပိန်ဘောလုံးသမားတို့လည်း အသင်းနှင့် အံမဝင်သေးဘဲ ဖြစ်နေသည်။ တိုက်စစ်မှူး မီလန်ဘားရို့စ်ခြေစွမ်းမပြနိုင်သလို ဆစ်ဆီလည်း အဆုံးသတ်မပိုင်ဘဲ ဖြစ်နေသည်။ နည်းပြဘင်နီတက်ဇ်၏ နည်းဗျူဟာနှင့် ကစားသမားများ အံမဝင်သေးသည်လား၊ ပရီးမီးယားလိဂ်အထာကို ဘင်နီတက်ဇ်မကျွမ်းကျင်သည်လား၊ တစ်ခုခု မှားနေသည်ကတော့ အမှန်ပင်။

ဝက်စ်ဘရွန်းက နိုင်ပွဲမရသေးသော်လည်း သရေသုံးပွဲ၊ အရှုံးတစ်ပွဲသာ ရှိသည်။ ဝက်စ်ဘရွန်းတို့ သရေတစ်မှတ်ကိုပင် မျှော်လင့်နိုင်သည့် အနေအထားဖြစ်သည်။ အန်ဖီးလ်၌ ဝက်စ်ဘရွန်းကို ရင်ဆိုင်ရခြင်းမှာ ဘင်နီတက်ဇ် အသက်ရှူချောင်လေမည်ဖြစ်သည်။ ၂၀၀၂-၂၀၀၃ ခုနှစ် ဘောလုံးရာသီတွင် ဆုံတွေ့ခဲ့မှု၌ လီဗာပူးက အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဘရွန်းကွင်း၌ ခြောက်ဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ လီဗာပူးတို့ ဂိုးမပြတ်သည့်တိုင် အနိုင်ရရန် သေချာနေသည်။

မန်စီးတီးနှင့်အဲဗာတန်

အဲဗာတန်နည်းပြ ဗိုရက်စ်အနေဖြင့် ဝိန်းရူနီကို ရောင်းချလိုက်ပြီးနောက် ဘောလုံးသမားအင်အား ဖြည့်

ကိုထွေး

တင်းရန် ငွေသုံးစွဲခွင့် ရရှိတော့မည်ဖြစ်ရာ အသင်း၏ အားနည်းသည့်အပိုင်းကို သုံးသပ်ရမည်ဖြစ်သည်။ မန်စီးတီးတို့၏ အိမ်ကွင်း ခြေစွမ်းပြနိုင်မှုကြောင့် အဲဗာတန်တို့ သရေပင်ကျရန်မလွယ်ပေ။ ပွဲစဉ်(၄)၌ ချာလ်တန်ကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့သည့် ခြေစွမ်းမျိုးသာရခဲ့လျှင် အဲဗာတန်ကိုလည်း အနိုင်ကစားပြီး အမှတ်ပြည့်ရနိုင်သည်။ ယမန်နှစ်ဆုံတွေ့မှု၌ မန်စီးတီးကွင်း၌ မန်စီးတီးက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး အဲဗာတန်ကွင်း၌ ဂိုးမရှိသရေကျခဲ့သည်။ ယမန်နှစ် ရလဒ်ကလည်း မန်စီးတီးကိုပို၍ စိတ်အားတက်စေနိုင်သည်။ မန်စီးတီးတိုက်စစ်မှူးအနယ်ကာအသင်းပြောင်းမလိုလိုသတင်းများထွက်ခဲ့သော်လည်း သုံးဂိုးသွင်းပေးထားသည်။ မန်စီးတီးကွင်း၌ မိန်းရှဒ်၌ အိမ်ရှင်ပရိသတ်တို့ ပျော်ခွင့်ရမည်ဖြစ်သည်။

မစ်ဒယ်ဘရော့နှင့်ဘာမင်ဂမ်

စက်တင်ဘာ ၁၁ ရက်ပွဲစဉ်များအနက် မစ်ဒယ်ဘရော့နှင့်ဘာမင်ဂမ်ပွဲလည်း ပွဲကောင်းတစ်ပွဲပင်ဖြစ်သည်။ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြလာနေသော မစ်ဒယ်ဘရော့အသင်း ယခုပွဲမှ သုံးမှတ်အပြည့်ယူနိုင်ဖွယ်ရှိသည်။ ဘာမင်ဂမ်က အိမ်ကွင်းမာသော်လည်း အဝေးကွင်း၌ အသင်းကြီးများကို တောင့်ခံနိုင်စွမ်း မရှိပေ။ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး (၇)မှတ်ဖြင့် အဆင့်(၅)၌ ရပ်တည်နေသော မစ်ဒယ်ဘရော့အသင်း အနိုင်ရသင့်သောပွဲဖြစ်သည်။ လူအင်အားဖြည့်တင်းထားမှု၌ ချယ်လ်ဆီးပြီးလျှင် ဒုတိယလိုက်သော မစ်ဒယ်ဘရော့အသင်း ထိုက်သင့် သလောက် အကျိုးခံစားနေရပြီဖြစ်သည်။ ယမန်နှစ်ဆုံတွေ့မှု၌ မစ်ဒယ်ဘရော့ကွင်း၌ မစ်ဒယ်ဘရော့က ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဘာမင်ဂမ်ကွင်း၌ ဘာမင်ဂမ်ကသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယမန်နှစ်က အိမ်ကွင်းရလဒ်ကို မစ်ဒယ်ဘရော့ ဆက်လက် ထိန်းသိမ်းသွားပေလိမ့်မည်။

နယူးကာဆယ်နှင့်ဘလက်ဘန်း

နည်းပြဆာဘော်ဘီရော့ဆင်ကို ထုတ်ပယ်လိုက်ပြီးနောက် နည်းပြလက်မဲ့ဖြစ်နေသော နယူးကာဆယ်အသင်း အနိုင်ရသင့်သောပွဲဖြစ်သည်။ ဘလက်ဘန်းနှင့် မကစားခင် နည်းပြအသစ်မခန့်ခဲ့သည့်တိုင်အောင် စိန့်ဂျိမ်းပတ်၌ အနိုင်ဆိုသော ရလဒ်အတွက် ခက်ခဲလိမ့်မည် မထင်ပေ။ အလန်ရှီးယား၊ ဘယ်လာမီနှင့် ကလွိုက်ဗတ်တို့ကို တိုက်စစ်မှူးများအနေဖြင့် ဘလက်ဘန်းကိုမှ ဂိုးမသွင်းနိုင်ခဲ့လျှင် ညံ့ရာကျပေလိမ့်မည်။ ဘလက်ဘန်းက လေးပွဲကစား (၂)မှတ်သာရရှိထားပြီး၊ ခရစ္စတယ်ပဲလေ့စ်နှင့်အတူ အမှတ်ပေးဇယားအောက်ခြေ၌ ရှိနေသည်။ နယူးကာဆယ်ကလည်း လေးပွဲကစား (၂)မှတ်သာရရှိထား၍ အတော်ရုန်းကန် နေရသည်။ ဘလက်ဘန်း၌ အင်ဒီကိုးလ်နှင့်ဒွိုက်ယော့စ်အတွဲလည်း အသင်းပြောင်းသွားကြပြီဖြစ်ရာ ရှေ့တန်းအားနည်းနေသည်။ နယူးကာဆယ် နိုင်ပွဲ၏ အရသာကို စတင်ခံစားခွင့်ရပေလိမ့်မည်။ ယမန်နှစ်ဆုံတွေ့မှု၌ နယူးကာဆယ်ကွင်း၌ ဘလက်ဘန်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး၊ ဘလက်ဘန်းကွင်း၌ တစ်ဂိုးစီ သရေကျခဲ့သည်။

ပို့စ်မောက်နှင့်ခရစ္စတယ်ပဲလေ့စ်

အတန်းတက် ခရစ္စတယ်ပဲလေ့စ်ကို အိမ်ကွင်း၌ ဧည့်ခံကစားရခြင်းမှာ ပို့စ်မောက်တို့ သုံးမှတ်ထပ်တိုးမည့် သဘောပင်ဖြစ်သည်။ ၂၀၀၂-၂၀၀၃ ခုနှစ် ဘောလုံးရာသီ ပထမတန်းပြိုင်ပွဲ၌ ဆုံတွေ့ခဲ့ကြစဉ်က နှစ်ပွဲစလုံးတစ်ဂိုးစီ သရေကျခဲ့သည်။ သို့သော် လက်ရှိအနေအထား၌ ပို့စ်မောက်က ပရီးမီးယားလိဂ်၌ အသားကျနေပြီး များစွာ တိုးတက်လာသည်။ ခရစ္စတယ်ပဲလေ့စ်က ပရီးမီးယားလိဂ်၏ မျက်နှာသစ်ပီပီ သရေတစ်ပွဲသာရထားပြီး၊ အတန်းမဆင်းရေး ရုန်းကန်ရမည့် အနေအထားရှိသည်။ ပို့စ်မောက်က လူအင်အားဖြည့်တင်းထားရာ၌ ရက်ဒ်နက်နှင့် ပွန်ပီတို့ အသင်းနှင့် အံဝင်မှုရှိနေသည်။ ပို့စ်မောက်က ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ယူပြီး သုံးမှတ်ထပ်ရပေဦးမည်။

တော့တင်ဟမ်နှင့်နော့ဝစ်ချ်

ပြင်သစ်နည်းပြဟောင်း ဆန်တီနီ လက်ထက်တွင် တော့တင်ဟမ်ဟော့စပါး များစွာ တိုးတက်မှုရှိလာသည်။ လေးပွဲဆက်တိုက်ရှုံးပွဲမရှိသေးဘဲ စတုတ္ထနေရာ၌ ရပ်တည်နေသည်။ တော့တင်ဟမ်က ပွဲစဉ် (၄)၌ ဘာမင်ဂမ်ကို အနိုင်ရကာ စိတ်အားတက်ကြွနေသည်။ အတန်းတက် နော့ဝစ်ချ် နိုင်ပွဲမရသေးဘဲ သရေနှစ်ပွဲနှင့် ကျေနပ်နေရသည်။ ၁၉၉၄-၁၉၉၅ ခုနှစ် ဘောလုံးရာသီ၌ ဆုံတွေ့ခဲ့မှုတွင် တော့တင်ဟမ်ကွင်း၌ တစ်ဂိုးစီသရေကျပြီး နော့ဝစ်ချ်ကွင်း၌ တော့တင်ဟမ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခင်ဆုံတွေ့မှုမှတ်တမ်းဖြင့် ယခုပွဲအပေါ် ချိန်ထိုးကြည့်လောက်စရာတော့ မရှိပေ။ လက်ရှိခြေစွမ်းအရ ဝှိုက်ဟတ်လိန်း၌ တော့တင်ဟမ်ကသာ အနိုင်ယူသွားမည်ကို သံသယဖြစ်နေလျှင် အချိန်ကုန်ရုံသာရှိမည်။ တော့တင်ဟမ်နှင့် နော့ဝစ်ချ်ပွဲကို စက်တင်ဘာ ၁၂ ရက်၌ ကျင်းပမည်ဖြစ်သည်။

ချာလ်တန်နှင့်ဆောက်သမ်တန်

ယမန်နှစ်ဆုံတွေ့ခဲ့မှု၌ ချာလ်တန်ကွင်း၌ ချာလ်တန်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့ပြီး ဆောက်သမ်တန်ကွင်း၌ ဆောက်သမ်တန်က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုဘောလုံးရာသီ အစပိုင်း၌ ချာလ်တန်ရော ဆောက်သမ်တန်ပါ ခြေစွမ်းအကောင်းကြီး မဟုတ်ပေ။ ကောင်းတစ်ချက် မကောင်းတစ်ချက် ဖြစ်နေသည်။ ချာလ်တန်၏ ခြေကို မှန်း၍မရဘဲ ကမောက်ကမ ရလဒ်များပေါ်ထွက်နေခြင်းက ယခုပွဲကို တွေးဆရာ၌ ခေါင်းစားစရာပင်ဖြစ်သည်။ ပွဲစဉ်(၄)၌ မန်စီးတီးကို လေးဂိုးပြတ်ရှုံးထားသည့် ခြေစွမ်းအရဆိုလျှင် ဆောက်သမ်တန်ကို ပိုကြိုက်မိသည်။ ဆောက်သမ်တန်ကလည်း ဘလက်ဘန်းကို နိုင်ထားသည်ကလွဲလျှင် သုံးပွဲရှုံးထား၍ အခြေမလှ ဖြစ်နေသည်။ ချာလ်တန်တို့ အိမ်ကွင်းဖြစ်၍ အက်စတွန်ဗီလာကို သုံးဂိုးပြတ်နိုင်ခဲ့သလို ရလဒ်ကောင်းများ ဖြစ်ပေါ်လာလေမလား။ နိုင်သင့်နိုင်ထိုက်သည့်အသင်းကို လမ်းမှန်ကမ်းမှန် ပြောကြေးဆိုလျှင် ချာလ်တန်ဟုပဲ ပြောရပေမည်။ ချာလ်တန်နှင့် ဆောက်သမ်တန်ပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ပရီးမီးယားလိဂ်ရပ်တည်မှုအခြေအနေ

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	အာဆင်နယ်	၄	၄	၀	၀	၁၆	၅	၁၂
၂	ချယ်လ်ဆီး	၄	၄	၀	၀	၆	၁	၁၂
၃	ဘော်လတန်	၄	၃	၀	၁	၇	၄	၉
၄	တော့တင်ဟမ်	၄	၂	၂	၀	၄	၂	၈
၅	မစ်ဒယ်ဘရော့	၄	၂	၁	၁	၉	၈	၇
၆	အက်စတွန်ဗီလာ	၄	၂	၁	၁	၇	၆	၇
၇	အဲဗာတန်	၄	၂	၁	၁	၆	၆	၇
၈	ချာလ်တန်	၄	၂	၀	၂	၆	၉	၆
၉	မန်ယူ	၄	၁	၂	၁	၃	၃	၅
၁၀	မန်စီးတီး	၄	၁	၁	၂	၆	၄	၄
၁၁	ပို့စ်မောက်	၃	၁	၁	၁	၆	၆	၄
၁၂	လီဗာပူး	၃	၁	၁	၁	၃	၃	၄
၁၃	ဖူဟမ်	၄	၁	၁	၂	၆	၇	၄
၁၄	ဘာမင်ဂမ်	၄	၁	၁	၁	၂	၂	၄
၁၅	ဝက်စ်ဘရွန်း	၄	၀	၃	၁	၄	၅	၃
၁၆	ဆောက်သမ်တန်	၄	၁	၀	၃	၅	၈	၃
၁၇	နယူးကာဆယ်	၄	၀	၂	၂	၆	၉	၂
၁၈	နော့ဝစ်ချ်	၄	၀	၂	၂	၅	၉	၂
၁၉	ဘလက်ဘန်း	၄	၀	၂	၂	၄	၈	၂
၂၀	ခရစ္စတယ်ပဲလေ့စ်	၄	၀	၁	၃	၃	၈	၁

သြဂုတ် ၁၀ ရက်က ရခိုင်ပြည်နယ်ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အတူ မြို့သာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို သြဂုတ် ၂၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက သူငယ်တန်းတွင် ပထမဆုရ ယွန်းထက်ထက်ခိုင်အား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (ဝ၉၈)

သြဂုတ် ၂၅ ရက်က ရမည်းသင်းမြို့နယ် ကျီစု-ဝကုန်း ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဆုချီးမြှင့်ခြင်း အခမ်းအနား၌ နာယကဆရာတော် အရှင်သုနန္ဒက ဆုရကျောင်းသား တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။ (က-ပ)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းများကောင်းမွန်ရေးအတွက် လမ်းပေါက်များ၊ချိုင့်ခွက်များမရှိစေရန် ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၃ ရက်က တောင်ငူတက္ကသိုလ်သွား ကတ္တရာလမ်းပေါ်ရှိ လမ်းပေါက်များဖာထေးမှုကို အမှုဆောင်အရာရှိဦးကိုကိုနိုင်နှင့် အင်ဂျင်နီယာမှူး ဦးဌေးညွန့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မုံရွာခရိုင် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာ၌ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို သြဂုတ် ၂၄ရက်က ကျင်းပရာ မုံရွာခရိုင်ဦးစီးဌာနမှူး ဦးစိုင်းထွန်းဝေက ကျေးရွာဥက္ကဋ္ဌထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။(က-ပ)

မြေယာရှုခင်းအလှပြုပြင်

တနိုင်း သြဂုတ် ၂၀

တနိုင်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၅ရက်က တနိုင်းမြို့ ဟူကောင်းခန်းမရှေ့တွင် မြေယာရှုခင်း အလှပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ဂျပန်မြက်စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ချိုကသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(မြို့နယ် စည်ပင်)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၅၊ နည်း ၁ နှင့် ၂၀)
မြဝတီခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးအမှု အမှတ်-၃

(၁) မောင်ခင်မြင့်ထွန်း နှင့် ၁။ ဒေါ်လွန်းတင်
(၂) မောင်ရဲမြင့်ထွန်း ၄၆၆ အောက်လမ်းမကြီး
(ညီအစ်ကို) ပန်းဘဲတန်းရပ်၊မော်လမြိုင်မြို့။
လှိုင်ထိပ်ခေါင်တင်လမ်း၊ ၂။ ဒေါ်မေရီမြင့်
အမှတ်(၄)ရပ်ကွက် (ကွယ်လွန်သူဦးသိန်းအေး၏ဇနီး)
မြဝတီမြို့။ မဲထော်သလေးကျေးရွာ၊
မြဝတီမြို့။
၃။ ဦးထွန်းရွှေ
လှိုင်ထိပ်ခေါင်တင်လမ်း၊
အမှတ်(၄)ရပ်ကွက်၊မြဝတီမြို့။
၄။ ဦးစိန်ထွန်း
လှိုင်ထိပ်ခေါင်တင်လမ်း၊
အမှတ်(၄)ရပ်ကွက်၊မြဝတီမြို့။

တရားလိုများ **တရားပြိုင်များ**

ဒေါ်လွန်းတင်၊ ဒေါ်မေရီမြင့် (ကွယ်လွန်သူ ဦးသိန်းအေး၏ဇနီး) (ယခုလိပ်စာမသိ) တရားပြိုင်များ သိစေရမည်။

သင်တို့အပေါ်၌ မြဝတီမြို့ လှိုင်ထိပ်ခေါင်တင်လမ်း၊ အမှတ်(၄) ရပ်ကွက်နေ တရားလိုများက မိခင်ဒေါ်ခင်ညွန့်၏အမွေရ လက်ထက်ပွားပစ္စည်းဖြစ်သောကြောင့် အခြားသားသမီးအရင်းများနည်းတူ ဝေစုအချိုးကျ ခွဲဝေသတ်မှတ်ပေးစေလိုမှုဖြစ်သော တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၆၃အရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမွေမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်က စွဲဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် သြဂုတ်လ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးသောင်းမြင့် (တ/၁၂၄၄)
B.A [Law], LL.B, D.M.L.D.B.L, Advocate
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး၊ ကရင်ပြည်နယ်။

အမည်ပြောင်း

ဦးအောင်ဌေး ၁၀/မလမ (နိုင်)ဝ၇ဝ၁၅၇ ၏သား မော်လမြိုင် အလက(၄) သူငယ်တန်း (A) မှ မောင်ဇာနည်ဟုတ်အား မောင်ဇာနည် ဟု ခေါ်ပါရန်။

မောင်ဇာနည်။

အမည်ပြောင်း

ရွှေညောင် အထက ၈ကေဒသမ တန်းမှ မယုယုနွေး၏ ဖခင်ဖြစ်သူ ဦးခင် မောင်ဝင်းအား ယနေ့မှစ၍ ဦးကျော် ခင် ၁၃/ညရန(နိုင်) ဝ၅ဝဝ၉၁ ဟု ပြောင်းလဲခေါ်ပါရန်။

ဦးကျော်ခင်။

လေလံကြော်ငြာ

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ရှိ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ ငါးရှဉ့်(အရှင်)များကို အောက်ပါနေ့ရက်/အချိန်တွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော ပြည်တွင်းကုမ္ပဏီအဖွဲ့အစည်းများ၊ တိုင်းရင်းသားစီးပွားရေး ပုဂ္ဂလိကလုပ်ငန်းရှင်များ လာရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်သည်။

(က) **ကျင်းပမည့်ရက်** ၁၀-၉-၂၀၀၄
(ခ) **ကျင်းပမည့်အချိန်** (၁၀း၀၀)နာရီမှ (၁၃း၀၀) နာရီအထိ
(ဂ) **ကျင်းပမည့်နေရာ** ငါးရှဉ့်လုပ်ငန်းရှင်များ အသင်းရုံး၊ အနောက်ကြို့ကုန်း၊ အင်းစိန်။

လေလံစည်းကမ်းနှင့်သိလိုသည့်အချက်များကို ရုံးချိန်အတွင်း အသင်းရုံးတွင် လာရောက်စုံစမ်းနိုင်သည်။

လေလံတင်ရောင်းချရေးအဖွဲ့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းတရားရုံး၊ နယ်တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၉၅၁

၁။ ဦးကျော်လေး နှင့် ဦးနေမျိုးဦး
၂။ ဦးခင်ထွန်း

တရားလို **တရားပြိုင်**

မန္တလေးမြို့ အောင်မြေသာဇံမြို့နယ်၊ မြင်းပြိုင်ကွင်း၊ အခန်း၁၊ တိုက် ၁ ရပ်နေ၊ ဦးနေမျိုးဦး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးကျော်လေးပါ-၂က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက် (၁၃၆၆ ခုနှစ် တော်သလင်း လဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ ၉း၃၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် သြဂုတ်လ ၂၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စန္ဒာသွယ် တ/၁၅၈၉
တွဲဖက်တိုင်းတရားသူကြီး(၁၄)
ရန်ကုန်တိုင်းတရားရုံး။

အမည်မှန်

အ-ထ-က(၁) ရန်ကင်း ဒသမတန်း (A) မှ မဆဲန်တီရန်မော၏ အမည်မှန်မှာ ဆဲန်တီရန်မောခုပ်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးထူးမောင်ခုပ် ဖြစ်ပါသည်။

အမည်ပြောင်း

အဖဦးအောင်မိုးလွင် ALN-၁၃၃၃၃၅ သမီးမဖြိုးပြည့်ပြည့်လွင် အထက(၁)တောင်ငူ တက္ကသိုလ်ဝင်တန်းအောင်အား မခွန်းဆင့်သွယ် ဟုခေါ်ပါရန်။ **ခွန်းဆင့်သွယ်။**

အမည်ပြောင်း

အဖ ဦးရဲဝင်း၏သား အ-ထ-က(၂)ပုသိမ် ဒသမတန်း(ဘီ)မှ မောင်စံမြတ်ကျော်အား မောင်စိုးသူရဟု ပြောင်းလဲခေါ်ပါရန်။

စိုးသူရ ၁၄/မမန(နိုင်)၁၉၈၃၇၅။

အမည်ပြောင်း

အထက(၅) မရမ်းကုန်း နဝမတန်း(ဆ)မှ အဖဦးထွန်းထွန်း၏သား မောင်ဉာဏ်လင်းအောင်အား မောင်ဉာဏ်လင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဉာဏ်လင်းထွန်း။

ဝမ်းမြောက်ဂုဏ်ယူခြင်း

NIBBAN ELECTRIC & ELECTRONICS

ISO 9001 : 2000

NIBBAN ELECTRIC & ELECTRONICS လုပ်ငန်းသည် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေး စီမံခန့်ခွဲမှုစနစ် ISO 9001 : 2000 လက်မှတ်ကို (၁၃.၈.၂၀၀၄) ရက်နေ့တွင် ထိုက်ထိုက်တန်တန် ရရှိခြင်း အတွက်များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် လုပ်ငန်းပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

(၁) ဦးမောင်မောင်ထွန်း (ထွန်းအီလက်ထရောနစ်)
(၂) ဦးကျော်စိန် (ဒေါ်လာ အီလက်ထရောနစ်)
(၃) ဦးရွှေလင်း (ဦးရွှေလင်း + ဒေါ်ကြင်ကြင် အီလက်ထရောနစ်)
(၄) ဦးရွှေသိန်း + ဒေါ်ညွန့်ညွန့်ဌေး (စတား အီလက်ထရောနစ်)
(၅) ဦးကောက် (လပြည့်ဝန်း အီလက်ထရောနစ်)
(၆) ဦးနေဝင်း (ဝင်းကမ္ဘာ အီလက်ထရောနစ်)
(၇) ဦးသန့်ဇင် (နယူးစတား အီလက်ထရောနစ်)
(၈) ဦးထွန်းကြင် (ထွန်းကြင် အီလက်ထရောနစ်)
(၉) ဒေါ်ခင်ရတနာဝင်း (ဝင်း အီလက်ထရောနစ်)
(၁၀) ဦးကျော်ထွဋ် (ထိပ်တန်း အီလက်ထရောနစ်)
(၁၁) ဒေါ်ခင်သီတာ (သီတာ အီလက်ထရောနစ်)
(၁၂) ဦးမြင့်လွင် (ဦးမြင့်လွင် အီလက်ထရောနစ်)
(၁၃) ဦးကြင်စိန် (စိန်ယဉ် အီလက်ထရောနစ်)
(၁၄) ဦးစိုးစိန် (Chips အီလက်ထရောနစ်)



ကျေးဇူးဆပ်ပါမည် ကျွန်တော် မောင်ကျော်စွာထွန်း ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် ၄၈၃၇၅၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၆၄၂၀၆၇ သို့ အကြောင်းကြားပေးပါရန်။

Vacancy Announcement
(For Local Service Only)

We are looking for open, happy, productive, highly energetic, initiative persons who can also be a team player. We invite those who enjoy working in a challenging and self-improving working environment to join us and to grow together.

1.Architecture **Male** **(1) Post**
Age under 30. Must be a University graduate. BE Architect degree would be an advantage. Must have creative idea. Must have strong work commitment.

2.Senior Auditor **Female** **(1) Post**
Age under 45. Must be a University graduate. B.Com/ B.Com.CPA degree would be an advantage. Must have minimum 3 years work experience in related field.

3.Auto-Cad Designer **Male/Female** **(1) Post**
Age under 35. Must be able to use Auto-cad **skillfully**. Must be creative. Must be able to stay both Yangon & Mandalay during the project period.

4.IT Assistant **Male** **(1) Post**
Age under 25. Must have experience in Network Engineering & Security. Must have knowledge about the hardware maintenance.

5.PR Assistant **Male/Female** **(1) Post**
Age under 27. Must be a University Graduate. Business related Degree holder or Diploma Holders would be advantage. Must be able to travel around and Must have strong interpersonal skill. Must be able to communicate in English effectively. Having relevant work experience in service field would be advantage. Must have ability to use Micro soft office effectively.

6.Receptionist **Female** **(1) Post**
Age under 25. Must be University student. Must be able to communicate in English effectively. Must have good personality.

7.Floor In-charge **Male/Female (2) Posts**
Age under 25. Must be a Graduate. Must have good looking. Must be fluent in English. Must have strong personality.

8.Cashier **Female** **(6) Posts**
Age under 28. Must be a University graduate. Must have related work experience would be advantage.

9.Sales Training **Male/Female (15)Posts**
Age under 20. Must pass 10th Standard. Must have good looking.

10.Maintenance Worker (Electronic) **Male** **(2) Posts**
Age under 30. Must have experience in electronic wiring and services.

11.Maintenance Worker(Fixture & Fitting) Male **(2) Posts**
Age under 30. Must have experience in fixture & fitting process. Must be able to work at late night.

12.Security **Male/Female (5) Posts**
Age between 25 to 35. Must be strong and healthy. Must be active, good looking & tall. Must pass 10th standard.

Interested candidates can submit your CV together with labor registration card & other necessary documents to **Blazon Departmental Store**, No.72, Corner of U Wisara Rd & Chin Tsin Rd, Kamayut T/S or send mail to hr@creation.com.mm within 2 weeks.

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်-

(က) စက်ယန္တရားအရန်ပစ္စည်းများ
(ခ) ရေတွန်းစက်အရန်ပစ္စည်းများ

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၆-၉-၂၀၀၄နေ့ ၁၆ နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂၊ (လိုင်းခွဲ)၂၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အသင်းဝင်လျှောက်လွှာများခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၁-၁၁-၂၀၀၃ရက်စွဲဖြင့် ဖွဲ့စည်းခွင့်လက်မှတ်ရရှိခဲ့သည့် အသင်းဖြစ်ပြီး အသင်းပထမအဖွဲ့ဝင်များ၏ ပထမအကြိမ် အစည်းအဝေးကို ၁၁-၈-၂၀၀၄ ရက်တွင် ကျင်းပပြီးစီးခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် အသင်းသားများခေါ်ယူရန် ဆွေးနွေးဆုံးဖြတ်ခဲ့သည်နှင့်အညီ မြန်မာနိုင်ငံစာရင်းကောင်စီက ထုတ်ပေးထားသော မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင် CPA လက်မှတ်ကိုင်ဆောင်ထားသူများနှင့် CPA သင်တန်း တက်ရောက်နေကြသော ကျောင်းသား၊ ကျောင်းသူများသည် အောက်ပါအသင်းဝင်များအဖြစ် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

(က) ကျောင်းသားအသင်းဝင် Student Member
(ခ) စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခြင်း မရှိသေးသည့်အသင်းဝင် Non-practising Member
(ဂ) စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် အသင်းဝင် Practising Member

၃။ လျှောက်လွှာပုံစံကို မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတွင် လျှောက်လွှာရယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အသင်းဝင်အမျိုးအစားအလိုက် လိုအပ်သည့် အထောက်အထားများကို ဓာတ်ပုံမိတ္တူတစ်စုံစီနှင့် တင်ပြလျှောက်ထားရန် ဖြစ်ပါသည်။

၄။ ဆက်သွယ်ရန်လိပ်စာမှာ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ၁/၁၉၊ သခင်မြပန်းခြံလမ်း (စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း၊ အလယ်ထပ်) အလုံမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။ **သိန်းမြင့်(ရုံးအဖွဲ့မှူး)**
ဖုန်း-၂၂၁၃၁၂၊ ၂၂၁၃၃၈။

ကျေးဇူးတင်ရှိခြင်း

ကျောင်းအုပ်ဆရာကြီး အလ်ဟဂျ်မောင်လာနာမွဖ်သီအဗ္ဗဒူလ်ဟကီးမ် (အသက် ၉၀) ပျော်ဘွယ်မြို့သည် ၂၉-၈-၂၀၀၄ ရက်တွင် အလ္လာအရှင် အမိန့်တော်ခံယူပြီးဖြစ်၍ ဂျနာဇာလိုက်ပါပို့ဆောင်ကြသော ဆရာကြီးများနှင့် တာဝန်ရှိသူများ၊ ကျောင်းသားများ၊ မြို့နယ်အသီးသီးမှ တပည့်များ၊ ရပ်မိရပ်ဖ၊ ဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရောင်းချရန် ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှု အမှတ် ၂၈၈

မြန်မာအရှေ့တိုင်းဘဏ်လီမိတက် **နှင့်** ၁။ ဦးလှမော်
(၎င်း၏ကိုယ်စား လက်ထောက် ၂။ ဒေါ်နီလာလူ
အထွေထွေမန်နေဂျာ ဦးကျော်ကျော်စိုး)
တရားနိုင်
တရားရှုံးများ

ရန်ကုန်တိုင်း တရားရုံး၏ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၅၃ တွင် ၂၇-၅-၂၀၀၄ ရက်စွဲပါ အပေါင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက် (၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်)နေ့ နံနက် ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်စာဖြင့်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးမှတာဝန်ယူမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်ပါသည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော်လည်း အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးရာခိုင်နှုန်း လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ ရက်မြောက်နေ့တွင် အပြေအကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်အောင်
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅၊ မြေကွက်အမှတ် ၄/ဆ၁၊ ၄/က၁၁ အေ၊ ၄/စ၁ နှင့် ၄/စ၂ စုစုပေါင်း ဧရိယာ ၀ ဒသမ ၆၈၇ ဧကရှိ ဘီ(လ/န-၃၉) မြေပိုင်မြေအမျိုးအစား မြေကွက်များနှင့် ထိုမြေကွက်များပေါ်ရှိ အမှတ် ၂၇၊ ဦးကျော်လှလမ်း၊ ပြည်လမ်း၊ ခုနစ်မိုင်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော ပျဉ်ထောင်နှစ်ထပ်အိမ်တစ်လုံး၊ ပျဉ်ထောင်တစ်ထပ်အိမ်တစ်လုံး၊ အုတ်ညှပ်အဆောက်အအုံ နှစ်ထပ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အားလုံး။

လေလံတင် ကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀၀ (ကျပ်သိန်းငါးထောင်)

ဝဏ္ဏကျော်ထင်
ဦးရှိန် (မုံရွာမြို့)
(အငြိမ်းစား ခရိုင်ဝန်)
အသက်(၉၈)နှစ်

ချောင်းဦးမြို့နေ (ဦးပိုင်-ဒေါ်ခန့်)တို့၏သား၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်ကွက်၊ ဘူတာလမ်း၊ အမှတ် ၂၀ နေ (ဒေါ်ခင်လှ)၏ခင်ပွန်း၊ ဒေါ်ငွေတင်၊ (ဒေါ်ငွေဇင်)၊ ဒေါ်လှအေး၊ ဒေါ်လှငွေ၊ ဒေါ်လှကြွယ်-ဦးဘကျား တို့၏အစ်ကိုကြီး၊ ဦးဝင်းရှိန်-ဒေါ်ရီရီချစ်၊ ဒေါ်နုနုခင်-ဒေါက်တာသန်းထိုက်၊ ဒေါ်နုနုရီ၊ ဦးမျိုးရှိန်-ဒေါ်မိမိလေး၊ ဒေါ်မေပုလဲ-ဦးသန်းလွင်၊ ဒေါ်သန်းသန်းမြင့်၊ ဦးဘိုဘို-ဒေါ်မျိုးမေ၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ဖခင်ကြီး၊ မြေး ၁၂ယောက်တို့၏ အဘိုး၊ တူ တူမ ငါးယောက်တို့၏ဦးလေးသည် ၉-၉-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပြီဖြစ်ပါ၍ ၁၁-၉-၂၀၀၄ရက် ညနေ ၄ နာရီတွင် မုံရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးကြည် (အိုးသည်ကုန်းမြို့)
အသက်(၈၅)နှစ်

ပဲခူးတိုင်း၊ အိုးသည်ကုန်းမြို့နေ(ဦးခန့်-ဒေါ်ထုံ)တို့၏သမီး၊ အိုးသည်ကုန်းမြို့၊ ဂုံညင်းတန်းကျေးရွာနေ(ဦးဘိုးကြွေ-ဒေါ်ဂွမ်းရုံ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက် ၄၊ အခန်း ၀၀၃ နေ (ဦးစံသိန်း၊ ရဲဝန်ထောက်၊ ပြည်သူ့ရဲတပ်ဖွဲ့၊ ငြိမ်း)၏ဇနီး၊ ဒေါ်မြမြသိုက်၊ ဦးဉာဏ်ဦး(အင်ဂျင်နီယာ)၊ ဒေါ်ခင်ထွေး(မြန်မာ့ရေနံ၊ ငြိမ်း)၊ ဒေါ်လှယဉ်အေး (အထက်တန်းပြဆရာမ၊ ငြိမ်း)၊ ဒေါ်ချိုချို၊ ဒေါက်တာဝင်းမြင့်သန်း(သီဂီ ဆေးကုခန်း၊ ကြို့ပင်ကောက်မြို့)၊ ဒေါက်တာဝင်းမြင့်သိန်းတို့၏မိခင်၊ မြေး နှစ်ယောက်တို့၏အဘွားသည် ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၉-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးအောင်ကိုကို
(ဆေးမှူးချုပ်)
(မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)
အသက် (၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ ၁ လမ်း၊ အမှတ် ၅၈ နေ(ဦးလှကြည်)-ဒေါ်တင်ငွေးတို့၏သားကြီး၊ (ဦးအောင်သိန်း-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ ဒေါ်ခင်စောဝင်း(အထကပြ၊ ငြိမ်း)၏ ခင်ပွန်း၊ မောင်ကျော်ထင်လင်း(B.E,Civil)၊ မသော်ဇင်မင်း(1st year, B. Tech, Civil)တို့၏ဖခင်၊ဒေါက်တာဦးဌေးနိုင်(အင်းစိန်၊ဆေးရုံ)-ဒေါ်နီနီလတ်၊ ဦးသက်ဇော်ဦး-ဒေါ်ဆွေဆွေမြတ်တို့၏အစ်ကိုကြီးသည် ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၀၄ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေး အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဝေ
အသက်(၄၄)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း ရပ်ကွက်၊ ချမ်းအေးလမ်း၊ အမှတ် ၃၉ နေ (ဦးသိန်းဟံ)-ဒေါ်နှင်းအေး တို့၏သား၊ ဗိုလ်မှူးကြီးဉာဏ်ထွန်း အောင်-ဒေါ်ဝေဝေ၊ ဦးကျော်ကျော်-ဒေါ်အေးအေးချို၊ ဦးစောနိုင်-ဒေါ်မြင့်မြင့်ဝေတို့၏ညီ/မောင်၊ ဦးထွန်းနိုင်-ဒေါ်ခင်သိန်းတို့၏အစ်ကို၊ တူ တူမ ၁၃ယောက်တို့၏ဦးလေးသည်၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၀၄ရက်တွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်)
ကိုဇော်မျိုးလင်း
အသက်(၃၄)နှစ်

သုံးဆယ်မြို့နယ်၊ငဖြူကလေးကျေးရွာနေ ဦးအောင်သင်း-ဒေါ်စန်အေးတို့၏ သား၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၁၅ လမ်း၊ အမှတ် ၈၁၆ နေ ဦးအောင်ကျင်-ဒေါ်ကြည်တို့၏ သားသမက်၊ မဖြူဖြူအောင်၏ခင်ပွန်း ကိုဇော်မျိုးလင်း(ရာသက်ပန်အသင်းဝင်)သည် ၆-၉-၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါ၍ အသင်းဝင်များ သိရှိကြပါရန်။

အမှုဆောင်အဖွဲ့။

မခင်မာလာအောင်(ခ)မကေ
အသက်(၂၄)နှစ်

အမှတ် ၃၁၊ စိန်ချယ်လမ်း၊ ကျိုက္ကဆံ ရပ်ကွက်၊ဗဟန်းမြို့နယ်နေ ဦးလှသောင်း (စက်မှု၊ စားကုန်)-ဒေါ်ပြုံး၊ ဒေါ်မြင့်မြင့် (ထ-၃၊ ဗဟန်း)၊ (ဦးဝင်းအောင်ဆန်း)-ဒေါ်ခင်သန်းဝင်း (ကပရ၊ ရုံးချုပ်)၊ ဦးသောင်းတင်-ဒေါ်နီလာစိုးတို့၏တူမ၊ (ဦးဌေးအောင်) - ဒေါ်ဝင်းသီတာထွေး တို့၏သမီး၊ မောင်အောင်ကိုကို- မကေသွယ်ထွန်းတို့၏ညီမ၊ မရွှေရီလင်း ၏အစ်မသည် ၉-၉-၂၀၀၄ရက် နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထင်ချို
M.D Shining Star Tour Express Co.,Ltd.
အသက်(၅၆)နှစ်

မရမ်းကုန်းမြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ် ၄နေ (ဦးချို အေး-ဒေါ်မြဆု)တို့၏သား၊ (ဦးထွန်း မြိုင်-ဒေါ်ရှုလာ)တို့၏သားသမက်၊ ဒေါ် သန်းမူ၏ခင်ပွန်း၊ မချိုချိုဝင်း-ကိုမင်း ထွန်းသိန်း၊ကိုသန်းထင်အောင်-မယမင်း သီရိ၊ မချိုချိုယဉ်၊ မမြတ်မြတ်ချို၊ ကိုရဲ ထင်အောင်တို့၏ဖခင်၊ မမြတ်နိုးပွင့်ဖြူ၊ မချမ်းမြေ့မွန်တို့၏အဘိုးသည် ၉-၉- ၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၃း၄၅နာရီတွင်ခရစ်တော်၌အိပ်ပျော်သွား ပါသဖြင့် ၁၁-၉-၂၀၀၄ရက်(စနေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၁၀၈/ အေ၊ ဇဝံဂေလိအသင်းတော်၌ ဝတ်ပြု ဆုတောင်းပြီး နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Kham Lian Dal
B.Sc (Che;)
ဦးစီးအရာရှိ(ငြိမ်း)လူမှုဝန်ထမ်းဦးစီးဌာန
အသက်(၄၉)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ စကော လမ်းရပ်ကွက်နေ (Pu Lian Za Thawn)– Pi Ning Kho Dim တို့၏သား၊ ရန်ကုန်မြို့၊ စကားဝါလမ်း၊ အမှတ် ၅၄၊ တိုက် ၁၊ အခန်း ၁၆၊ ဆောက်လုပ်ရေးအရာရှိရိပ်သာနေ ဒေါ် သန်းသန်းမူ (လက်ထောက် အင်ဂျင် နီယာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ ခင်ပွန်း၊ မချိုချိုဦး၊ မအေးအေးသန်း တို့၏ဖခင်၊ (Pa Hau Lian Thang– Nu Niang Khan Suan)၊ Nu Huai Khan Cing – Pa Lian Khan Mang တို့၏ညီ/မောင်၊ Pa Dal Suan Mang – Nu Ning Suan Cing၊ (Tg Suan Khan Kham)တို့၏အစ်ကိုသည်၉-၉-၂၀၀၄ ရက် ညနေ ၄နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော် သွားပါ၍ ၁၁-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန် ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ် ၂၆ လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ EBC ဘုရားကျောင်းနှင့် မြေနီကုန်း ဓမ္မာရုံ လမ်းရှိ FBTS တို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်နိုင် (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဒုတိယဥက္ကဋ္ဌ-၁) အသက် (၇၁)နှစ်သည် ၈-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊
မြန်မာ့ရုပ်ရှင်လုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဒုတိယဥက္ကဋ္ဌ(၁) ဦးမြင့်နိုင် (ရုပ်ရှင် သရုပ်ဆောင်)သည် ၈-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတက္ကသိုလ်၊ ရူပဗေဒဌာန၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာမြင့်သိန်း ၏ဇနီး၊ ချစ်သူငယ်ချင်း ဒေါက်တာဒေါ်မြရွှေသည် ၃-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

သူငယ်ချင်းများ
လဲ့လဲ့ဝင်း၊ ရီရီဝင်း၊ မခင်အေး၊
စန်းစန်းယဉ်၊ ခင်အေးသီ၊ အောင်မေကြည်။

ရဟန်းဒါယကာ
ဦးရေး (ပျဉ်းမနား)
အသက်(၇၄)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗဟန်း ၃ လမ်း၊ အမှတ် ၄၁ နေ (ဦးနီ-ဒေါ် နှင်းနု)တို့၏သားသမက်၊ (ဦးအောင် ကြီး-ဒေါ်မြရီ)တို့၏သား၊ ဒေါ်စိန်လှိုင် ၏ခင်ပွန်း၊ ဦးအေးကျော်၊ ဒေါ်သန်း သန်းနု၊ ဒေါ်ခင်မြရီ၊ ဦးမိုးကျော်-ဒေါ် တင်တင်ထွေးတို့၏ဖခင်၊ မောင်ရဲမင်း ဟိန်း (အမက-၁၊ဒဂုံ)၏ အဘိုးသည် ၉-၉-၂၀၀၄ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉- ၂၀၀၄ရက် (စနေနေ့) ညနေ ၃နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသာထွန်းအောင်
(ပေါက်တောမြို့)
အသက်(၆၅)နှစ်

စစ်တွေမြို့၊ လမ်းမတော်ရပ်ကွက် နေ ဦးသက်နှဦး-ဒေါ်စံလှဖြူတို့၏သား ထွေး၊ ကျောင်းဆရာမ (ဒေါ်လှလှ)၊ (ဦးသာကျော်)၊ (ဒေါ်နုနု)၊ ဦးဘထွန်း၊ ဒေါ်မြမြ-(ဦးစံသာထွန်း)၊ ဦးစိုးတင်- ဒေါ်နီနီတို့၏မောင်/ညီငယ်၊ ဒေါ်အေး ကြိုင်၏ခင်ပွန်း၊ မောင်အောင်သီဟ- မသန်းသန်းဆွေ (ကျောင်းဆရာမ)၊ မောင်အောင်ဇေယျ-မသွယ်သွယ်အောင် (ဆည်/မြောင်း)၊ မောင်အောင်တေဇ၊ မမြသက်အေးတို့၏ဖခင်သည် ၂-၉- ၂၀၀၄ရက်(ကြာသပတေးနေ့)တွင် ကွယ် လွန်သွားပါ၍ ၃-၉-၂၀၀၄ရက်တွင် ပေါက်တောမြို့၌ သင်္ဂြိုဟ်ပြီးစီးပါ ကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဝင်း
အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်း-ဒေါ်ပိန်) တို့၏သမီး၊ ဦးစန်းညွန့် (ဒေါ်မြတင်)၊ ဒေါ်သိန်းရှင်တို့၏ညီမ၊ ဒေါ်စန်းလှ၏ အစ်မ၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ) ရပ်ကွက်၊ နွယ်နီ ၇ လမ်း၊အမှတ် ၃၄၅ နေ(ဦးစောဂျိုးဇက်)၏ဇနီး၊ ကိုကျော် စွာနေ-မနော်ရီမီဝင်း၊ မနီဝင်းဘာ၊ မောင် သက်ကိုကိုဇော်တို့၏မိခင်၊ မောင် ကောင်းလင်းနေကြည်၏ အဘွားသည် ၈-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန် သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေး သုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးခင်စိုး (Bosun)
M.V Globel Discovery Multi-Gate Corp., Ltd.
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၃၁၄၊ အခန်း ၂ နေ ဒုတိယဗိုလ်မှူးကြီး သူရကျင်တင်(ငြိမ်း) (တပ်မတော်ရေ)- ဒေါ်စန်းမြင့်တို့၏သားကြီး၊ ရန်ကုန်မြို့ နေ ဦးတင်ဦး-ဒေါ်ခင်သန်းတို့၏သား သမက်၊ ဦးမျိုးမြင့်-ဒေါ်ချိုချိုထွန်း၊ ဒေါ် စန်းစန်းခိုင် (KMO & Family Co.,Ltd.)၊ ဦးမင်းစိုး-ဒေါ်သီတာခိုင် (နည်းပြ/စက်၊ စိုက်၊သက်ဦးစီးဌာန)၊ ဦးသက်တင်အောင်တို့၏ အစ်ကိုကြီး၊ အမှတ် ၂၆ (4/B)၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းသန်းနု ၏ခင်ပွန်း၊မခိုင်ခိုင်ဝင်းစိုး၊မဝါဝါဝင်းစိုး တို့၏ဖခင်၊ မောင်စောနိုင်ထွန်း၊ မောင် ဆန်းမျိုးထွန်းတို့၏ဦးလေးသည် ၆-၉- ၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါ မည်။)

ကျန်ရစ်သူမိသားစု။

ဦးလှမောင်
ဒုအရာခံဗိုလ်(ငြိမ်း)
အသက်(၈၁)နှစ်

(ဦးဖိုးသိန်း-ဒေါ်နှင်းရင်)တို့၏သား၊ (ဦးအေးမောင် - ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၇/၁၈၄ နေ ဒေါ်တင်တင်စု၏ ခင်ပွန်း၊ (ဗိုလ်စံလှဦး)-ဒေါ်မြင့်မြင့်ယဉ်၊ (အထက-၄၊ ပြင်ဦးလွင်)၊ ဦးစံလှဝင်း (မြန်မာ့မီးရထား)-ဒေါ်သွယ်သွယ်ဌေး (မ-၁၄၊ မဟာအောင်မြေ၊ မန္တလေး)၊ ဦးသန်းတင်အောင်(ဗိသုကာ)-ဒေါ်ယုယု ဝေ(ဗိသုကာ)၊ ဦးအောင်သန်း-ဒေါ်နုနု ဝေ(အလက-၆၊ မရမ်းကုန်း)၊ တကက မြလွင်-ဒေါ်ချိုချိုမူ(အထက-၇၊ပုသိမ်)၊ ဦးခင်မောင်ဆန်း-ဒေါ်အေးအေးတင်၊ ဦးသိန်းဟံ - ဒေါက်တာတင်တင်မိုး (လားရှိုးမြို့)တို့၏ဖခင်၊မြေး၁၆ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၈- ၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀- ၉-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မြင့်မြင့်အေး
SAT (ငြိမ်း)၊
အထက(၂၂)မန္တလေး၊
အထက(၂)လသာ
အသက်(၆၉)နှစ်

(ဦးစိန်-ဒေါ်တင်အေး)တို့၏သမီး၊ (ဦးကြင်-ဒေါ်ခင်ကြည်)တို့၏ သမီး ချွေးမ၊ (ဦးသာဆိုင်) [မော်ကွန်းထိန်း အဆင့်-၁၊ ငြိမ်း၊ မန္တလေးတက္ကသိုလ်] ၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၁၁၊ ကျိုက်လတ်လမ်း၊ စမ်းချောင်းမြို့နယ် နေ ကိုသာမိုးဆွေ-မမော်မော်သာဆိုင် (ထွန်းလင်းရောင်ကုမ္ပဏီ)၊ မမွန်မွန်သာ ဆိုင်(Myanmar Time)၊ ကိုစိုးဝင်း အောင်တို့၏မိခင်သည် ၉-၉-၂၀၀၄ ရက်(ကြာသပတေးနေ့) နံနက် ၆ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန် သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီ တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်း ကြားအပ်ပါသည်။

အထက်ပါနေအိမ်၌ ၁၅-၉-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)နံနက်တွင် ရက်လည် ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ် ကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ဝင်းမာသန်း(ခ)သဲသဲ
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၇၈၊ (၄) ရပ်ကွက်၊ သဒ္ဒါလမ်း၊ တောင်ဥက္ကလာပ မြို့နယ်နေ ဦးစိုးမြင့်-[ဒေါ်ကြေး(ခ) ဒေါ်သန်းစိန်]တို့၏သမီး၊(ဦးကြည်ထွန်း- ဒေါ်ရီ)တို့၏သမီးချွေးမ၊ ဦးအေးနွဲ့၏ ဇနီး၊ မခိုင်ငြိမ်းအေး (3 I.C၊ ဒဂုံ တက္ကသိုလ်)၊ မသက်ဝင်းအေး(3 I.C၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ ဦးရဲခေါင်- ဒေါ်တင်တင်သန်း၊ဦးမင်းဟန်-ဒေါ်အေး အေးနီတို့၏အစ်မကြီးသည်၈-၉-၂၀၀၄ ရက်တွင်ကွယ်လွန်သွားပါ၍ ၁၀-၉- ၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ကန် ဒါယကာကြီး
ဦးရွှေ (ဒိုက်ဦးမြို့)
အသက်(၉၃)နှစ်

ဒိုက်ဦးမြို့၊ အမှတ် ၄၉၊ မင်းလမ်း နေ ဒေါ်အေး၏ခင်ပွန်း၊ ဦးမောင်လှ- ဒေါ်ကျင်ကြူး၊ ဦးအာတိ-ဒေါ်ဝင်းကြည်၊ ဦးလေရှင်း-ဒေါ်ကျင့်ပို့၊ ဦးလှဝင်း- ဒေါ်နွယ်နွယ်အေး၊ (ဦးကြည်လှိုင်)- ဒေါ်ဖြူနှင်းလွင်၊ ဦးခင်မောင်အေး-ဒေါ် ခင်နှင်းလွင်၊ ဦးမောင်မောင်လေး-ဒေါ် ကေသွယ်၊ ဦးလှကြည်-ဒေါ်တင်တင် ဝင်း၊ ဦးလှရွှေ-ဒေါ်လှလှခိုင်၊ ဦးကြည် ထွန်း-ဒေါ်မြမြခိုင်၊ ဦးစန်းလွင်ဦး-ဒေါ် စိန်စိန်၊ ဦးမောင်မောင်ထွေး-ဒေါ်ဝင်း ဝင်းခိုင်၊ ဦးညီညီအောင်-ဒေါ်မိုးသူဇာ၊ ဦးကြည်လင်း-ဒေါ်ရီရီစန်းတို့၏ဖခင်၊ မြေး ၅၉ယောက်၊ မြစ် ၃၀တို့၏အဘေး သည် ၉-၉-၂၀၀၄ရက်(ကြာသပတေး နေ့)နံနက် ၁၁း၂၀နာရီတွင်ကွယ်လွန် သွားပါ၍ ၁၁-၉-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဒိုက်ဦးမြို့နေအိမ်မှ ဒိုက်ဦးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးကြင်စိုး (ပဲခူး)
ဆည်မြောင်းဦးစီးဌာန(ငြိမ်း)
အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ကျော်သူ ၂၁ လမ်း၊ အမှတ် ၇၈၅ နေ(ဦးဘစိန်း-ဒေါ်အေးသင်)တို့၏ သားကြီး၊ (ဒေါ်အေးမြင့်)၏ခင်ပွန်း၊ ဦးကြည်(ပဲခူး)၏အစ်ကို၊ဒေါ်ခင်စိုးမြင့်- ဦးဝင်းမောင်(ဘဏ်ရေမန္တလေးရုံးခွဲ)၊ဦးခင် စိုး(စိုက်ပျိုးရေးသုတေသန၊ ရေဆင်း)- ဒေါ်မေမေခင်၊ ဦးစိုးလွင်-ဒေါ်ညိုညို အောင်၊ဒေါ်ကြည်ကြည်မြင့်-(ဒေါက်တာ ဦးမျိုးထွန်း)၊ ဒေါ်ရီရီမြင့်-ဦးမျိုးဝင်း (ဆည်မြောင်း)၊ ဒေါ်ချိုချိုမြင့်-ဦးလှချို၊ ဦးဇော်မင်း-ဒေါ်တင်တင်ဌေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၈- ၉-၂၀၀၄ရက်တွင်ရန်ကုန်ပြည်သူ့ဆေးရုံ ကြီး၌ကွယ်လွန်သွားပါ၍ ၁၀-၉-၂၀၀၄ ရက်(သောကြာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားပါ သည်။ (တောင်ဥက္ကလာပ နေအိမ်မှကား များ နံနက် ၉း၃၀နာရီတွင် ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြင်စိုး
ဆည်မြောင်းဦးစီးဌာန(ငြိမ်း)
အသက်(၈၀)

ဧရာဝတီတိုင်း၊ ဖျာပုံမြို့၊ ၅ လမ်း၊ အမှတ် ၁ နေ (ဦးဘစိန်း-ဒေါ်အေးသင်) တို့၏သားကြီး၊ ဦးကြည်(ပဲခူး)၏ အစ်ကို၊ ဒေါ်တင်အေး (ဆည်မြောင်း၊ စာရင်းကိုင်)၏ခင်ပွန်း၊ ဒေါ်ဥမ္မာစိုး (မွေး/ရေဘဏ်)၊ ဒေါ်အေးမြသီရိ- ဦးမင်းမင်း၊ ဦးနေအောင်စိုးတို့၏ဖခင် သည် ၈-၉-၂၀၀၄ရက်တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၀-၉-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်း (သံဖြူဇရပ်မြို့)
အသက်(၅၁)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်နေ (ဦးချစ် သိန်း-ဒေါ်ငွေဇင်)တို့၏သား၊ (ဦးလှ ထွန်း) - ဒေါ်အေးကြည်တို့၏ သား သမက်၊ ဒေါ်ခင်စန်းကြည်၊ ဒေါ်ခင်သက် နှင်း-ဦးစန်းကျင်၊ ဒေါ်ရွှေမန်းမေ-ရဲအုပ် ဦးတင့်လွင်၊ဒေါ်အေးမြင့်ရီတို့၏အစ်ကို/ မောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၉) ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၁၇နေ ဒေါ်စောသီတာ၏ခင်ပွန်း၊ မစောသန္တာ လှိုင်-ကိုသိန်းဦး၊ မယဉ်လင်းလင်းခိုင်၊ မခိုင်ဝသဉ်မျိုး-ကိုအောင်ကိုကို၊ မအေး အိအိငယ်၊ မောင်ဝေယံကိုကို၊ မောင်ဇင် အာကာမောင်တို့၏ဖခင်၊ မောင်ဘုန်း သစ်ဦး၏အဘိုး၊ တူ တူမ ၁၁ယောက် တို့၏ဦးလေးသည် ၉-၉-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ကွယ်လွန် သွားပါသဖြင့် ၁၁-၉-၂၀၀၄ရက် (စနေ နေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဒလ ညောင်ကုန်းဇေယျဝတီကျောင်းတိုက်
မဟာနာယကဆရာတော်
ဘဒ္ဒန္တ ဇဝန
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ ညောင်ကုန်းဇေယျဝတီ ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဘဒ္ဒန္တဇဝနသည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ ရက် (၅-၉-၂၀၀၄ရက်) တနင်္ဂနွေနေ့ နံနက် ၉း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၁ ရက် (၁၄-၉- ၂၀၀၄ရက်) မွန်းလွဲ ၁ နာရီတွင် အန္တိမဈာပနသဘင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဉာဏိန္ဒ (ဘုတလင် အရှင်ဉာဏိန္ဒ)
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၇)ဝါ

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ဒါန်းတိုင်ကျေးရွာအုပ်စု၊ ဒါန်းတိုင်ကျေးရွာ အောင်မြေရတနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက လဋ္ဌိပေသလသိက္ခာကာမဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ အရှင်သူမြတ်သည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက် (၃- ၉-၂၀၀၄ရက်) သောကြာနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော် မူသွားပြီဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ရဟန်း၊သံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပန ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနကျင်းပရေးကော်မတီနှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
ဒေါ်မြသွယ် (သဲကုန်း၊ပေါင်းတည်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ၅၂/B၊ မြိုင်ဟေဝန် လုံးချင်းအိမ်ရာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ(ဗိုလ်မှူးညွန့်မောင်) ၏ဇနီး၊ ဦးတင်မြင့်(T.S.N)-ဒေါ်တင် တင်ဝင်း (လူမှုဖူလုံရေးအဖွဲ့၊ ရုံးချုပ်)၊ ဒေါ်မြင့်မြင့်ချို (လူဝင်မှုကြီးကြပ်ရေး၊ ရုံးချုပ်)၊ ဒေါ်မြင့်မြင့်သိ(အထက-၂၊ ကမာရွတ်)၊ ဗိုလ်မှူးသိန်းဌေး(နတလ)- ဒေါ်မြင့်မြင့်ခိုင်(အင်္ဂလိပ်စာဌာန)တို့၏ မိခင်၊ မရွှေရည်ဖူး၊ မောင်မျိုးဆက်သစ် (T.T.C၊ကမာရွတ်)တို့၏အဘွားသည် ၉-၉-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် သုခကမ္ဘာဆေး ခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၁-၉- ၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [နေအိမ်မှကားများနှင့် ကမာရွတ် လှည်း တန်းရုံးဆင်(အထက-၅)ရှေ့ စုရပ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါ မည်။]

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်တင့် (ပဲခူး-သက္ကလ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၅ လမ်း၊ အမှတ် ၄၈ နေ (ဦးလှမောင်၊ ပဲခူး)၏ဇနီး၊ (ဦးရွှေအုပ်-ဒေါ်သဲကြွေ) တို့၏သမီး၊ ဦးစိုးဝင်း၊ (ဦးဘိုးတန်- ဒေါ်မြင့်မြင့်အေး)၊ (ဦးဇော်ဝင်း)-ဒေါ်ခင် စန်းရီ(ဘဏ၊ ငြိမ်း)၊ (ဦးစိန်ထွန်းကြည်၊ ဒုအကောက်ခွန်မှူး၊ ငြိမ်း)-ဒေါ်ဝင်းဝင်း ကြည်၊ ဦးသိန်းမြင့်(စာရင်းဦးစီးမှူး၊ ငြိမ်း)-ဒေါ်ရီရီမြင့် (စာရင်းစစ်၊ ငြိမ်း)၊ ဒေါ်တိုးတိုးရီ(ခ)ယမုံဦး (မန္တလေးမွန် မျက်မှန်)၊ မသီတာ(ခ)ဆရာမ စောယု နန္ဒာ၊ ဦးသိန်းနိုင်(လ/ထ မြို့နယ်ပညာ ရေးမှူး၊ ကော့မှူးမြို့)-ဒေါ်နှင်းနှင်းသော် (မူအုပ်၊ ကော့မှူး)၊ (ဦးတင်ထွန်း-ဒေါ် နှင်းနှင်းမော်)တို့၏မိခင်၊မြေး၂၅ယောက် တို့၏အမေကြီးသည် ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ချိုချိုစော (ကျောင်းအုပ်)
အမက(၅)ရန်ကင်း
အသက်(၄၂)နှစ်

တိုက်အမှတ် ၃၅၇၊ အခန်း ၇၊ အနောက်ရန်ကင်းနေ ဦးစောညွန့်-(ဒေါ် သိန်းခ) (ဗန်းမော်)တို့၏ သမီးကြီး၊ ဦးသန်းစော-ဒေါ်အိအိ၊ မညိုညိုစော၊ မောင်သိန်းနိုင်စောတို့၏အစ်မ၊ တူ နှစ် ယောက်တို့၏အဒေါ်သည် ၈-၉-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၁၀-၉-၂၀၀၄ရက် (သောကြာ နေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမြိုင်
(တောင်ချောင်းဆုံရွာ၊တန့်ဆည်)
တန့်ဆည်မြို့နယ်
ရာသက်ပန်အသင်းဝင်
အသက်(၇၀)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၅)ရပ်ကွက်၊ အမှတ် ၃၃၆၊ ရွှေနှင်းဆီ ၆ လမ်းနေ (ဦးဖိုးဝယ်- ဒေါ်ပု)တို့၏သား၊ ဦးကျော်ဇင်-ဒေါ်ဌေး ဌေးဝင်း၊ ဦးဇော်ကြီး-ဒေါ်တင်မာသန်း၊ (ကိုထွန်းထွန်းလွင်)၊ (ကိုထွန်းထွန်းနိုင်)- မချိုချိုသန်း၊ ကိုကျော်ဟန်-မဌေးဌေး လတ်၊ ကိုသန်းနိုင်-မကြည်ကြည်မြင့် တို့၏ဖခင်၊ ဒေါ်ငြိမ်း၏ခင်ပွန်း၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၈-၉- ၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီ တွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်း(ခ)ဟုတ်ထိုင်
မာဇဒါလေးဘီးကားပစ္စည်း
အရောင်းဆိုင်(ဘုရင့်နောင်)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၇၃၊ ၁၁ လမ်းနေ ဦးကျော်ခင်- ဒေါ်ရှုခင်တို့၏သားကြီး၊ ဦးမြင့်ဟန်- (ဒေါ်စွမ်ပို့)-ဒေါ်ကြင်ငွေတို့၏ သား သမက်၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ မောင် ဝင်းသူ၊မောင်ရဲလင်းဖြိုး၊မောင်တင်အောင်မိုး တို့၏ဖခင်၊ (ဒေါ်လှဝင်း)၊ ဦးစိန်ဝင်း- ဒေါ်မြရင်၊ ဦးလှဝင်း-ဒေါ်တင်ဝင်း၊(ဒေါ် စန်းဝင်း)တို့၏အစ်ကိုသည်၈-၉-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၉- ၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်လူ(ခ)ကိုပု
(ရေနံချောင်း)
အသက်(၄၆)နှစ်

အမှတ် ၇၈၊ကုန္တာသယလမ်း၊တာမွေ မြို့နယ်နေ ဦးတင်မြင့်-ဒေါ်ရင်နုတို့၏ ဒုတိယသား၊ ဦးမြင့်ကြူ (Country စားသောက်ဆိုင်၊ ရေနံချောင်း)-ဒေါ် ကြည်ကြည်မြင့် (ဆေးပဒေသာ)တို့၏ ညီ၊ ဦးမြင့်အောင်(JSM Shipping Co., Ltd.)-မဥမ္မာမြိုင်၊ ဦးမြင့်လွင် (မာဃကိုလွင်၊ မန္တလေး)(Mercury Force Co., Ltd.) – ဒေါ်ဥမ္မာလွင် (မာဃလျှပ်စစ်၊ မန္တလေး)၊ ဦးအောင် မြင့်စိုး(MFLO)-ဒေါ်ဖြူဖြူခင်၊ မမိမိ ငယ်(မိခိုင်)တို့၏အစ်ကို၊ တူ တူမ ၁၀ ယောက်တို့၏ဦးလေးသည် ၉-၉-၂၀၀၄ ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန် သွားပါ၍ ၁၁-၉-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ စက်တင်ဘာ ၇ ရက် ညပိုင်းတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်ပြီး ရှေးဦးစွာ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ဆက်သွယ်ရေး ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Telecom မှ Executive Vice President, H.E Mr. Li Ping နှင့် အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်အဖွဲ့နှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Li Jinjun လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား ဆက်သွယ်ရေးကဏ္ဍဆိုင်ရာတို့တွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Telecom မှ Executive Vice President ဖြစ်သူ H.E Mr. Li Ping နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

တပ်မတော်၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် လုပ်ကြံဖန်တီးနေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းချက်ထုတ်ပြန် စွပ်စွဲချက်များသည် ယုတ္တိလည်းမရှိ၊ အခြေအမြစ်လည်းမရှိသည့်အပြင် အထောက်အထားတင်ပြချက်များလုံးဝမရှိ မြန်မာနိုင်ငံတွင် ရာဇဝတ်မှုကျူးလွန်သူမည်သူကိုမဆို အဆင့်အတန်းမရွေး ဥပဒေနှင့်အညီအရေးယူအပြစ်ပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၄ ခုနှစ် စက်တင်ဘာ ၉ရက် ထိုင်းနိုင်ငံထုတ် သတင်းစာများတွင် Report alleges army rape of ethnic women is systematic ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ် ရေးသားဖော်ပြခဲ့သည်။

စွပ်စွဲ ပုတ်ခတ်

ယင်းသတင်းတွင် ပြည်ပ၌ တရားမဝင်ဖွဲ့စည်းထားသော Women's League of Burma (WLB) ဗမာအမျိုးသမီးအဖွဲ့ချုပ်ဟု အမည်ခံထားသောအဖွဲ့က "ကျူးလွန်ခွင့်ပြုထားသောစနစ်" (System of Impunity) ဆိုသော စွပ်စွဲထားချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ မြန်မာလက်နက်ကိုင်အဖွဲ့အစည်းများသည် တိုင်းရင်းသူလေးများအပေါ် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိကြောင်း စသည်ဖြင့် မဟုတ်မမှန် စွပ်စွဲပုတ်ခတ်ဖော်ပြထားသည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻